# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၈၅)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် ၊ ၁၈-၉-၂၀၂၅၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

### ယနေ့ ဖတ်စရာ အညွှန်း

ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော စျေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

စာမျက်နှာ ၂

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီ၏ (၇၅)နှစ်မြောက် မွေးနေ့ကျင်းပ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများက မွေးနေ့ဆုတောင်းစကားများ အသီးသီးပေးပို့

စာမျက်နှာ ၆



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

### မြန်မာနိုင်ငံအနေဖြင့် ပြခန်းပေါင်း ၁၂၀ နှင့် နှစ်လိုဖွယ်ရာမြို့ပြခန်းဆောင်တို့ကို ပါဝင်ပြသ

နေပြည်တော် စက်တင်ဘာ ၁၇

(၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ယခုနှစ်အတွက် အထူးမိတ်ဖက်နိုင်ငံဖြစ်သည့် သီရိလင်္ကာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့အကြီးအကဲများ၊ အာဆီယံနိုင်ငံများနှင့် ဖိတ်ကြားထားသည့်နိုင်ငံများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊

စာမျက်နှာ ၃ သို့ ❖

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၇

**ထူးခြားသည့်အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန် ၁၇:၃၀ နာရီအချိန်တိုင်းထွာချက်များအရ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းဒေသများကို ဖြတ်ကျော်ခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်ဖြတ်ကျော်လျက်ရှိပါသည်။ အဆိုပါအပူပိုင်းမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အပူပိုင်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက် ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၁၈ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိ

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ကျယ်ပြန့်ထိရောက်စွာ အသုံးချနိုင်စေရန်နှင့် သုတေသီများ၊ ပညာရှင်များနှင့် တောင်သူများ အနီးကပ်ထိတွေ့၍ ဆွေးနွေးဖလှယ်ခြင်းများ ဆောင်ရွက်နိုင်ကြစေရန် တောင်သူနည်းပညာပေးဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိသည်။ (စ၃)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း (AERDTC)ခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာပညာရှင်များက မိုးလေဝသနှင့်ဇလဗေဒအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးကြသည်။

စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မိုးလေဝသနှင့် ဇလဗေဒအကြောင်း သိကောင်းစရာများ ခေါင်းစဉ်သည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုကို တိုက်ရိုက်ခံစားနေကြရသော စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသော အကြောင်းအရာဖြစ်ပါကြောင်း၊ မိုးရွာသွန်းမှု၊ ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် ရာသီဥတုခန့်မှန်းချက်များအား မိုးလေဝသအသိကို အခြေခံ၍ နားလည်ခြင်းသည် သီးနှံစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်တို့ကို သတ်မှတ်ရာတွင်သာမက ရေကြီးခြင်း၊ မိုးခေါင်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်ရန်အတွက်လည်း အထောက်အကူပြုပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် ကျွမ်းကျင်ပညာရှင်များနှင့် တောင်သူများ အနီးကပ်တွေ့ဆုံဆွေးနွေးနိုင်မှု အခွင့်အရေးကို ပိုင်နိုင်စွာရယူပြီး ဆွေးနွေးမှုမှရရှိလာသည့် အသိပညာ၊ အတွေ့အကြုံများကို မိမိတို့၏ လယ်ယာလုပ်ငန်းခွင်တွင်အသုံးချကာ လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်အားထုတ်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်ဆွေက မိုးလေဝသနှင့် ရာသီဥတုတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ မြန်မာနိုင်ငံရာသီဥတု၏ အပူပိုင်းမုတ်သုံရာသီဥတုကာလနှင့် မုတ်သုံရာသီလွန်ကာလများ၊ အယ်လ်နီညို၏ ပြင်းအားဖြစ်ပေါ်မှုအကြိမ်နှင့် ဆက်စပ်၍ အစွန်းရောက် အမြင့်ဆုံးအပူချိန်ဖြစ်ရပ်များ၊ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်မှု နောက်ကျလာပြီး မြန်မာနိုင်ငံတွင်းမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာမှုကာလ၊ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းမှ သုံးပတ်ခန့်နှင့် အခြားဒေသများမှ တစ်ပတ်ခန့် ပုံမှန်ထက် တိုတောင်းလာမှု၊ ကမ္ဘာ့အပူချိန်မြင့်တက်နှုန်း၊ မြန်မာ့အပူချိန်မြင့်တက်နှုန်း၊ မြန်မာနိုင်ငံ၏ နှစ်တစ်နှစ်အတွင်း လအလိုက် ကျရောက်နိုင်သည့် ဘေးအန္တရာယ်များအား ဖော်ပြထားသည့် ဘေးအန္တရာယ်ပြက္ခဒိန်၊ မြန်မာနိုင်ငံတွင် အဓိကအရေးကြီးသော မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲခြင်းကို ဖြစ်ပေါ်စေသည့် ဖန်လုံအိမ်အာနိသင်၊ အစွန်းရောက်ရာသီဥတုဖြစ်စဉ်ကို ပိုမိုဖြစ်ပေါ်စေသော အကြောင်းရင်းများကို ဆွေးနွေးတင်ပြခဲ့သည်။

စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာသစ်များ မိတ်ဆက်ပေးခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ၈၅လမ်း ၃၅လမ်းနှင့် ၃၆လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈လမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၁၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြားတွင် လည်းကောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုတောင်ရပ်၊ မယ်ဇယ်တန်းအနီးတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး သဘာဝမြေဩဇာနှင့် ယူရီးယားမြေဩဇာ (၃း၁)အချိုးကျ ရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ရမည်းသင်း စက်တင်ဘာ ၁၇**

ရမည်းသင်းမြို့နယ်၊ အင်ကြင်းကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၁၂)ရှိ တောင်သူ ဦးမောင်ဇော်၏ မိုးရာသီ အောင်နိုင်တိုးစပါး ငါးဧက၌ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး သဘာဝမြေဩဇာနှင့် ယူရီးယားမြေဩဇာ(၃း၁)အချိုးကျရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



ကွင်းသရုပ်ပြပွဲသို့ ရမည်းသင်းခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ တောင် သူများက ကြည့်ရှုကြပြီး၊ ယူရီးယားမြေဩဇာ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် သီးနှံပင်မှ အပြည့်အဝ စားသုံးနိုင်စေရေးအတွက် သဘာဝမြေဩဇာဖြင့် အချိုးကျ ရောစပ်ကြဲပက်ခြင်းကို တောင်သူများ လိုက်ပါဆောင်ရွက်လာရန် ကွင်းသရုပ်ပြသဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး စက်တင်ဘာ ၁၇**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို (AEDA-Mdy)တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါး အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက အမရပူရမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲ၌ ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာမ ဒေါ်ခင်ဆွေဦးက အဖွင့်အမှာစကားပြောကြားပြီး ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က မူးယစ်ဆေးဝါး အန္တရာယ်ကြိုတင်ကာကွယ်ခြင်းများနှင့်ပတ်သက်၍လည်းကောင်း၊ အတွင်းရေးမှူး ဦးမြင့်သန်းနှင့် ဦးသန့်ဇင်ဦးတို့က မူးယစ်ဆေးဝါး အမျိုးအစားနှင့်ဆိုးကျိုးအန္တရာယ်များ အကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြသည်။ **(ယာပုံ)**

ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၃၀၀ ဦး တက်ရောက်ခဲ့ကြပြီး မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန် ရွတ်ဆိုခဲ့ကြကာ ကျောင်းသား၊ ကျောင်းသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားပေးခဲ့ပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၄)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များ ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် စက်တင်ဘာ ၁၇

"အာဆီယံကို ဉာဏ်ရည်တုနည်းပညာဖြင့် ချိတ်ဆက်၍ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းခြင်းမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုအနာဂတ်ကို မျှဝေခြင်း" ဆောင်ပုဒ်ဖြင့် တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နန်နင်းမြို့ရှိ Grand Metropark Hotel ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အတိုင်ပင်ကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာစွမ်းသဝေ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr. Kao Kim Hourn၊ တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ(CCPIT)မှ ဒုတိယအကြီးအကဲ၊ ASEAN- China Centre မှ အထွေထွေအတွင်းရေးမှူး၊ တရုတ်-အာဆီယံနိုင်ငံများမှကုန်သည်အသင်းဥက္ကဋ္ဌများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဖိုရမ်ကျင်းပရေးကော်မတီ အတွင်းရေးမှူးက AI နည်းပညာသုံးမျက်မှန် အသုံးပြုပုံကို မိတ်ဆက်ပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဖိုရမ်အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုဖိုရမ်သည် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးကဏ္ဍတွင် ဦးဆောင်နေကြသည့် ကုန်သည်အသင်းအဖွဲ့များအကြား စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်သည့် အခွင့်အလမ်းများကိုရရှိနိုင်မည့် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ ယခုအခါ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN-China Free Trade Area-ACFTA) ကို ACFTA (အက်ဖ်တာ) ဗားရှင်း ၃.၀ သို့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ရေးကွင်းဆက်ချိတ်ဆက်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးသူကာကွယ်ပေးရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများစသည့် နယ်ပယ်သစ်များတွင် နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအနေဖြင့် နယ်ပယ်သစ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို မျှဝေခံစားသွားနိုင်ကြမည်ဖြစ်ကြောင်း။

AI နည်းပညာကို နယ်ပယ်ကဏ္ဍအသီးသီးတွင် ကျယ်ပြန့်စွာ အသုံးပြုလာသည်နှင့်အမျှ လွဲမှားစွာ အသုံးချမှုနှင့် ဆိုက်ဘာလုံခြုံရေးကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပြီး မှန်ကန်သည့် နယ်ပယ်များတွင် မျှတစွာ အသုံးပြုသွားရန်လိုအပ်ကြောင်း၊ ယနေ့ကျင်းပသည့် တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အတိုင်ပင်ကွန်ဖရင့်ဥက္ကဋ္ဌ၊ CCPIT မှ ဒုတိယအကြီးအကဲ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နှင့် ASEAN- China Centre မှ အထွေထွေအတွင်းရေးမှူးတို့က မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**☆ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN-China Free Trade Area-ACFTA)ကို ACFTA (အက်ဖ်တာ) ဗားရှင်း ၃.၀ သို့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ရေးကွင်းဆက်ချိတ်ဆက်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးသူ ကာကွယ်ပေးရေးနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများစသည့် နယ်ပယ်သစ်များတွင် နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်နိုင်မည်**

**☆ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအနေဖြင့် နယ်ပယ်သစ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို မျှဝေခံစားသွားနိုင်ကြမည်**

သတင်းစဉ်

❖ ရှေ့ဖုံးမှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားကျင်းပမည့် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက ကြိုဆိုနှုတ်ဆက်ပြီး အခမ်းအနားသို့တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားတွင် CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်း၊ တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ(CCPIT) ဥက္ကဋ္ဌတို့က အဖွင့်အမှာစကား ပြောကြားကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ယခုနှစ်တွင် မြန်မာနိုင်ငံသည် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ Country of Honour အဖြစ် အလှည့်ကျတက်ရောက်ခြင်းဖြစ်ပြီး မိမိအနေဖြင့် ယခုကဲ့သို့ ထူးခြားလေးနက်သည့် အခမ်းအနားတွင် ပါဝင်တက်ရောက်ပြီး မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ ပြပွဲများကျင်းပခြင်းအားဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို နက်ရှိုင်းစေပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်များ ပူးပေါင်းဆောင်ရွက်ရာတွင် အရေးပါသည့် စင်္ကြံတစ်ခုအဖြစ် ပံ့ပိုးပေးနိုင်သည့်အတွက် တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

**ပူးပေါင်းဆောင်ရွက်**

တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှု၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် အားကောင်းလာစေရန်နှင့် ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမှုတို့ကို ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကို အထူးအလေးထားပါကြောင်း၊ မြန်မာနိုင်ငံ၌ AI နည်းပညာကို စီးပွားရေးလုပ်ငန်းရှင်များက အချို့ကဏ္ဍများတွင် အသုံးပြုလာကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ စားသောက်ကုန်များ၊ Safe Health AI အပါအဝင် နည်းပညာပြခန်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ ကျောက်မျက်လက်ဝတ်ရတနာများစသည့် ပြခန်းပေါင်း ၁၂၀ နှင့် မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ပြခန်းဆောင်တို့ကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လာအိုနိုင်ငံ ဒုတိယသမ္မတ Mr. Bounthong Chitmany၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Oknha Men Sam An၊ မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Fadillah Yusof၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Mai Van Chinh၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr.Kao Kim Hourn နှင့် Mr.Zhang Bingnan တို့က မိန့်ခွန်းပြောကြားကြပြီး AI ဖြင့် ပြုလုပ်ထားသည့် 22nd CAEXPO အထိမ်းအမှတ် Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ၊ အာဆီယံနိုင်ငံများမှ အကြီးအကဲများနှင့်အတူ (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဖိုရမ်ကို Digital Key ဖြင့် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတတို့သည် ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ (City of Charm) အဖြစ် မြစ်ကြီးနားမြို့ကို ရွေးချယ်သတ်မှတ်၍ ဖွင့်လှစ်ပြသထားရှိသည့် မြန်မာအမျိုးသားပြခန်းဆောင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မြန်မာအမျိုးသားပြခန်းဆောင်နှင့် (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသသည့် မြန်မာနိုင်ငံ ကိုယ်စားပြုကုန်စည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၃၈ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးဝင်းမြင့်
(၂) ဒေါ်စိုးခက်ခက်
(၃) ဒေါ်သင်းသင်းချို

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၃၉ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးညိုထွန်း အား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် စက်တင်ဘာ ၁၇ - ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။ မိုး/ဇလ

# မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်းက နေပြည်တော်ရှိ ဝန်ကြီးဌာနနှင့် ရုံးအဖွဲ့အစည်းများမှဝန်ထမ်းများအတွက် အိမ်သုံးဆိုလာမီးအိမ်များ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၇

မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ရှိ သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများ အသုံးပြုရန်အတွက် အိမ်သုံးဆိုလာမီးအိမ်များကို ယနေ့တွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ရုံးများသို့ လာရောက်လှူဒါန်းသည်။



ထိုသို့လှူဒါန်းရာတွင် မြန်မာ- တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ဝင်များက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်း မိသားစုများအတွက် ငွေကျပ်သိန်း ၁၀၀ ခန့် တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ထံလည်းကောင်း (ယာပုံ)၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်း မိသားစုများအတွက် ငွေကျပ်သိန်း ၁၀၀ ခန့် တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကိုပြည်ထောင်စုဝန်ကြီး ဦးလှမိုး ထံလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ထမ်းမိသားစုများအတွက် ငွေကျပ်သိန်း ၁၅၀ ခန့် တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၅၀ ကိုပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းထံလည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်း မိသားစုများအတွက် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး ထံလည်း ကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်း ကျောင်းသား ကျောင်းသူများ ဒုတိယနှစ်ဝက်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှု ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၁၇

Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်(ဥပဒေ)၊ ပထမနှစ်ဂုဏ်ထူးတန်း၊ ဒုတိယနှစ်ဂုဏ်ထူးတန်း၊ တတိယနှစ် ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာတန်း ပထမနှစ်သင်တန်းများ၏ ဒုတိယစာသင်နှစ်ဝက် စာမေးပွဲတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုကို ယနေ့နံနက်ပိုင်းက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး၊ စာမေးပွဲလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၏ ၂၀၂၄-၂၀၂၅ ခုနှစ် ဒုတိယပညာသင်နှစ်ဝက် စာမေးပွဲများကို စက်တင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ဖြေဆိုကြမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Naypyitaw State Academy အတွင်း တည်ဆောက်နေသည့် ဘွဲ့နှင်းသဘင်ခန်းမဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ခရီးစဉ်မှ ဆရာ့ဘဝနှင့်စာပေခရီးကို အောက်မေ့ခြင်း

ခရီးစဉ်ဟုဆိုလိုက်ရ၍ ဝန်ထမ်းဘဝကလို တာဝန်အရသွားရသော ခရီးမဟုတ်ပါ။ ဘာသာသာသနာအတွက် ရေးဆွဲထားသည့် Calendar အရ သွားရသည့် ခရီးစဉ်ဖြစ်သည်။ တစ်နည်းအားဖြင့် မန္တလေးမြို့ သာသနာ့ဂုဏ်ဆောင် ဆရာတော် ဘဒ္ဒန္တတိက္ခ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ အမှတ်စဉ်(၉၅)ခရီးစဉ်တစ်ခုဖြစ်သည်။ဤခရီးစဉ်သည် မန္တလေး၊ သထုံ၊ ကျိုက်ထို၊ ကျိုက်ထီးရိုး၊ ကျိုက္ကမီ၊ မော်လမြိုင်သာမက မုဒုံ၊ သံဖြူဇရပ်နှင့် စက်စဲကမ်းခြေအထိ ပါဝင်ပါသည်။ အသေးစိတ်ခရီးစဉ်အရ သာသနာပြုအဖွဲ့သည် မော်လမြိုင် ဇေယျာသီရိကျောင်းဗိမာန်တွင် ရှင် ၁၀၀ ပြုပွဲနှင့် (၁၇)ကြိမ်မြောက် ကထိန်အောင်ပွဲအား ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် ဘကကျောင်းတွင် ကျင်းပရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။ ခရီးစဉ်ကို ကြေညာထားစဉ်က ဦးရေ ၄၆ ဦး ကားတစ်စီးစာ စီစဉ်ပြီးမှ မတ် ၂၈ ရက် ငလျင်ကြီးလှုပ်ခတ်မှုကြောင့် လိုက်ပါသူဦးရေလျော့နည်းပြီး ခရီးစဉ်စရခြင်း ဖြစ်သည်။

ခရီးစဉ်က ဧပြီ ၁၀ ရက်မှ ဧပြီ ၁၇ ရက်အထိဖြစ်သည်။ အသင်းတွင် တာဝန်ထမ်းရွက်ရသည့် ဥက္ကဋ္ဌ ဦးလှဝင်းနှင့် ကော်မတီဝင်အချို့ လိုက်ပါခဲ့ကြရသည်။ အကြောင်းက နောက်ဆက်တွဲငလျင်ကြောင့် အချို့မိသားစုက အိမ်ကိုကြောင့်ကြကြရပြီး မလိုက်ဖြစ်ခဲ့ကြချေ။ သို့အတွက်ကြောင့် မူလရေးဆွဲသည့် အစီအစဉ်အတိုင်း လူဦးရေ ၂၀ ဖြင့်သာ ခရီးစတင်ခဲ့ကြရသည်။ ဧပြီ ၁၁ ရက် ၁၀ နာရီတွင် မန္တလေးမြို့မှ အောင်မြင်စွာ ခရီးထွက်နိုင်ဖို့ ဆရာတော်ကိုယ်စား ဘဒ္ဒန္တပညာသာရထံမှ သြဝါဒကထာကို နာကြားပြီး မိန့်မှာချက်အတိုင်း ခရီးစတင်ခဲ့ကြပါသည်။

ရာသီက ဧပြီလ အညာနွေကပူသော်လည်း ကားက လူချောင်၊ အဲယားကွန်းဖွင့်ထားတာကြောင့် စိတ်ကိုလန်းဆန်းစေပြီး ခရီးစဉ်က လိုက်ပါလာသူတို့ကို နွေးထွေးစေခဲ့ပါသည်။သာသနာပြုခရီးစဉ်အစ ရှင် ၁၀၀ ပြုခြင်းဖြင့် စရမှာဖြစ်သော်လည်း အချိန်က ညအမှောင်ကို ရောက်နေခဲ့သည်။ ထိုနေ့အစ ပဲခူးမြို့ဘုရားကြီးမှာ တစ်ညတာ ကွန်းခိုခဲ့ကြရသည်။ နောက်နေ့ ၁၂ ရက် နံနက် ၆ နာရီတွင် ပဲခူးတိုင်းဒေသကြီးမှ မွန်ပြည်နယ်ကို ကားဝင်သည်နှင့် မိုးဦးက ကြိုနှင့်နေသည်။ အညာ၏အပူကို မိုးရေစက်က ခွာချပေးရုံမက စိမ်းစိုနေသည့် လယ်ကွင်းများ၊ ရာဘာပင်နှင့် ဒေသအလိုက် အိမ်ပုံစံအမျိုးမျိုးက ပန်းချီကားချပ်အသွင် မြင်တွေ့နေရပြန်ပါသည်။

ထိုနေ့မွန်းလွဲ ၁ နာရီတွင် မြစ်သုံးစင်းကို ဖြတ်ဆောက်ထားသည့် သံလွင်တံတားကိုဖြတ်၊ မော်လမြိုင်မြို့ပေါ်ရှိ ဇေယျာသီရိကျောင်းသို့ ရောက်ခဲ့ကြသည်။ ကျောင်းဝင်းအတွင်း ရှင် ၁၀၀ ပြုပွဲအတွက် ဆရာတော် ဘဒ္ဒန္တဝိသေသ၏ တပည့်သာဝကနှင့် မိဘအချို့က လှိုက်လှဲစွာ ကြိုဆိုကြပြီး ရှင် ၁၀၀ ကျော် ပြုပွဲအတွက် ဆံချ မင်္ဂလာပွဲ ဆင်ယင်ကျင်းပခဲ့ကြပါသည်။ ဦးလှဝင်း ဦးဆောင်သည့် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းချုပ်သည် ရှင်တစ်ပါးစာ ငွေကျပ်ငါးသောင်းဖြင့် ရှင်အပါး ၁၀၀ သိန်းငါးဆယ်ကျပ်နှင့်အတူ သပိတ်၊ ပစ္စည်းလေးပါးကိုပါ ဆက်ကပ်နိုင်ခဲ့၍ အလှူ့ဒါယကာ၊ ဒါယိကာမများအဖြစ် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာသုံးကြိမ်ခေါ်ဆိုနိုင်ခဲ့ကြပါသည်။

ရှင်ပြုပွဲအပြီး မော်လမြိုင်အနီးဝန်းကျင်သို့ ဧပြီ ၁၃ ရက်တွင် ခရီးစတင်ခဲ့ကြရာ မော်လမြိုင်မြို့ခံ ဗုဒ္ဓဘာသာသာသနာပြုအသင်းချုပ်အဖွဲ့ဝင် ဓမ္မမိတ်ဆွေနှစ်ဦးကပါ ဘုရားဖူးအစီအစဉ်တွင် ပါဝင်လာပြီး ကားပေါ်စကားလက်ဆုံ ပြောဖြစ်ခဲ့ကြသည်။

စာရေးသူက "မြို့ခံများကို မြို့လေးက နေချင်စရာကောင်းပြီး ဥတုကလည်း မပူမအေး၊ သန့်ရှင်းသပ်ရပ်နေတယ်နော်" ဟု စကားစတော့၊ "ဒါတင်မကဘူး ဆရာ အသားအရေကပါ လှပြီး အစားအစာလည်းပေါတဲ့မြို့" ဟု ချီးမွမ်းစကားဆိုလာပြန်သည်။ "ဟုတ်လောက်တယ် ဒါကြောင့် မော်လမြိုင်မြို့က စာချိုးထဲ ပါနေတာပေါ့ဗျာ။ မန္တလေးက စကား၊ ရန်ကုန်က အကြွား၊ မော်လမြိုင်က အစားဆိုတာလေ" ဟု ကျွန်တော်က မရပ်ဘဲပြောတော့ ထိုပုဂ္ဂိုလ်နှစ်ဦးက ခေါင်းညိတ်လျက် ဝန်ခံနေကြသည်။ ထိုစဉ်စာရေးသူက "တကယ်တော့ ခင်ဗျားတို့မြို့က အစားတင်မဟုတ်ဘူးဗျ၊ ကြွားစရာလည်း ရှိနေပြန်တယ်နော်" လို့ဆိုတော့ သူတို့က ကျွန်တော့် မျက်နှာကြည့်ပြီး "ဘာကိုလဲ ဆရာ" ဟု မေးခွန်းထုတ်ကြပြန်သည်။ "ဒီလိုပါ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်က သမိုင်းရှိနေတဲ့ မြို့လေးက အင်္ဂလိပ်လက်ထက်(စမတ်စီးတီး)မြို့အမည်နဲ့ မြန်မာပြည်မှာ ထင်ကျန်နေခဲ့တယ်။ ဒါတင်မက ကျော်ကြားမှုတစ်ခုက မျိုးချစ်မြန်မာလူမျိုး စာရေးဆရာတစ်ဦးလည်းဖြစ် နိုင်ငံ့ဂုဏ်ဆောင် သခင်ကိုယ်တော်မှိုင်းကြောင့်ပါပဲ။ ဒီပုဂ္ဂိုလ်က ကလောင်ကွဲများစွာနဲ့ စာရေး၊ အဲ့ဒီထဲ ဦးလွန်းဆိုပြီး ဝတ္ထုရေး၊ မြို့ခံမြို့သားမဟုတ်ပေမယ့် ဒီမြို့မှာ အလုပ်လုပ်တော့ မော်လမြိုင်ဇာတိဖွားလို့တောင် အထင်ခံနေရတယ်။" "သူက ဘယ်မြို့ခံသားလဲလို့" ဖြတ်မေးတော့ ပဲခူးတိုင်း၊ ရွှေတောင်မြို့မှာ ၁၂၃၇ ခုနှစ်၌ အဖ ဦးစံဒွန်း အမိ ဒေါ်အုန်းတို့က မွေးဖွားခဲ့တယ်လို့ သိရတယ်ဗျ၊ ဆရာ ဒီပုဂ္ဂိုလ်က မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း တရုတ်တန်းမှာရှိတဲ့ မြန်မာတိုင်းသတင်းစာတိုက်မှာ အယ်ဒီတာလုပ်ရင်း မော်လမြိုင်ရာဇဝင်ဝတ္ထုကို သုတေသီအများက ဆရာလွန်းရဲ့ ပထမဆုံးဝတ္ထုလို့ ညွှန်းကြတယ်လို့ မှတ်သားရတယ်။ ဆရာရဲ့ မြန်မာတိုင်း ပုံနှိပ်တိုက် တည်ရှိရာက တိုက်နံပါတ်(၃၅) တရုတ်တန်း ဒိုင်းဝန်ကွင်းမှာပါ မူလပုံနှိပ်တိုက်ပိုင်ရှင်က ဦးရွှေဘိုးရဲ့ မြေး ဒေါ်ဥမ္မာပါ ဒီတိုက်ကို ၁၂၅၇ ခုနှစ်မှာ စတည်ထောင်တယ်လို့ မှတ်သားဖူးတယ်။ အဲ့ဒီခေတ်ကစပြီး ဒီတိုက်ကနေ သတင်းစာ၊ ဂျာနယ်တွေ ထုတ်တယ်လို့လည်း သိရပြီး လွတ်လပ်ရေးမရမီခေတ်ဦးကြိုကပေါ့။ ထိုစဉ် လက်ခံစကားပြောသူတစ်ဦးက ဆရာကြီး လွန်း မော်လမြိုင် ရောက်ပုံလေးသိပါရစေဟု မေးတော့ သိသလောက်ပဲ ဖြေပါရစေ ရန်ကုန်တိုင်းမှ ပုလိပ်ဂေဇတ်အတွက် အစိုးရထံမှ ကန်ထရိုက်ပျက်သွားသဖြင့် ဆရာလွန်းက မော်လမြိုင်ပြောင်းနေရတယ်လို့ မှတ်သားမိတယ်(စကားရပ်သွားစဉ်) ကျွန်တစ်ဦးက ဆက်ပါဆရာဟုဆို၍ ဒီလိုနဲ့ အယ်ဒီတာလုပ်၊ မောင်သမာဓိ အမည်နဲ့လည်း ဆောင်းပါးများစွာ ရေးခဲ့တယ်။ ဒီလိုနဲ့ သူရိယသတင်းစာပေါ်လာချိန် ဆရာလွန်းက မော်လမြိုင်တိုင်းသတင်းစာမှ အလုပ်ထွက်ပြီး မိန်းမနဲ့သားသမီးတွေကို ရန်ကုန်ပို့၊ ဝါသနာကြီးတဲ့ အင်္ဂရုတ်ထိုးခြင်းအလုပ်ကို ဇင်းကျိုက်တောင်မှာ လုပ်နေပြန်တယ်လို့ ဆရာရဲ့သခင်ကိုယ်တော်မှိုင်းအမည်ခံ အတ္ထုပ္ပတ္တိတွင် ရေးသားထားတာ တွေ့ရဖတ်ရပြန်တယ်။

ဆရာလွန်းက ၁၉၆၆ ခုနှစ် စာပေဂျာနယ်မှာ ဆရာမောင်သွေးသစ်၊ ခွန်ဂျာမှိုင်း၊ ဆရာတော်ရွှေကိုင်းသားတို့ ပြုစုတဲ့ ဂုဏ်ပြုဆောင်းပါးကို ၂၆-၃-၂၀၂၁ ရက် သံတော်ဆင့်သတင်းစာမှာ ဖော်ပြထားတာလည်း တွေ့ရပါတယ်။ အဲ့ဒီမှာလည်း ဆရာလွန်း မော်လမြိုင်ရောက်နေထိုင်ပုံအကြောင်း ရေးသားထားပြန်တယ်။ ၁၈၉၈ ခုနှစ်မှာ ဆရာလွန်း ဒီမြို့ကိုရောက်ချိန် မြန်မာတိုင်းသတင်းစာမှာ ပဏ္ဍိလေး ကလောင်အမည်နဲ့ ကဗျာများ၊ စာများရေးသားခဲ့ပြီး ၁၉၀၀ ပြည့်နှစ်၊ အသက် ၂၄ နှစ်မှာ ရန်ကုန်ကို ရောက်ခဲ့တယ်။ ဆူးလေဘုရားလမ်းရှိ ဇမ္ဗူကျက်သရေမှာ စာစီစလုပ်ခဲ့တယ်။ အဲ့ဒီနောက် စာပြင်ဆရာဖြစ်ခဲ့ပြီး ရန်ကုန်တိုင်းသတင်းစာမှတစ်ဆင့် မော်လမြိုင် တိုင်းသတင်းစာမှာ အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့တယ်။ အဲ့ဒီအချိန် ရန်ကုန်တိုင်း ကြည့်မြင်တိုင်သူ ဦးနု၊ ဒေါ်နှစ်တို့ရဲ့ သမီး ဒေါ်ရှင်နှင့် လက်ထပ်ခဲ့ပြီး ၁၉၀၅ ခုနှစ် မော်လမြိုင်မြို့ မြန်မာတိုင်းမှာ အယ်ဒီတာလုပ်ရင်း ၁၆၀၆ ခုနှစ်မှာ ကဗျာသာရမဉ္ဇူကျမ်းနှင့် ပရမတ္ထသံခိပ်အဖြေကျမ်းနဲ့ ဒုတိယတွဲကို ဆရာလွမ်းအမည်နဲ့ ထုတ်ဝေခဲ့ပြီး ဟသ်ာတမြို့ အမရဝတီပုံနှိပ်တိုက်သို့ စာပြုစာပြင် အယ်ဒီတာအဖြစ် ခေတ္တဝင်လုပ်ခဲ့သေးလို့ မှတ်သားရတယ်။ ဆရာကြီး မောင်လွန်း(ခေါ်) မောင်လွမ်းက ဆရာတို့မြို့မှာ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုရုံမက ဘွဲ့ဦးပဏ္ဍိအဖြစ်နဲ့ တောင်ပေါက်ကျောင်း ဆရာတော်ထံ ဆည်းကပ်ပြီး ပဋ္ဌိကတိသင်ရိုး၊ သက္ကတစာပေများ လေ့လာဆည်းပူးပြီး အဲ့ဒီနောက် တနင်္သာရီတိုင်း ပုံနှိပ်တိုက်မှာလည်း အယ်ဒီတာ ဝင်လုပ်ခဲ့ပြန်တယ်။ ဆရာက မော်လမြိုင်မြို့မှာနေစဉ် မော်လမြိုင် နတ်လမ်းညွှန်ကို မစောညွှန် ကလောင်အမည်နဲ့လည်းရေး ကဗျာမဉ္ဇူရီ စသော စာအုပ်များ မော်လမြိုင်မှာပင် ပြုစုရေးသား ပုံနှိပ်ခဲ့တယ်။ ဆရာလွမ်း၏ ပထမဦးဆုံးပုံနှိပ်မှုဟု ဆိုရမည်။ ၁၉၀၅ ခုနှစ်က ပုံနှိပ်သည့် မော်လမြိုင် ရာဇဝင်ဝတ္ထုကို(ရွှေတောင်မောင်လွမ်း) အမည်ဖြင့် ထုတ်ဝေမှုက အမှတ်တရဖြစ်စေခဲ့ပါတယ်။

သို့ပါ၍ ဆရာ့ဘဝနှင့် စာပေခရီး၊ ဆရာ့ဘဝနှင့် အယ်ဒီတာခရီး၊ ဆရာ့ဘဝမှတ်တိုင်၊ ဆရာရဲ့အောင်မြင်မှုတွေထဲမှာ ဒီမြို့ရဲ့အမည်ကို ချန်ထားလို့မရအောင် သမိုင်းတွင် မျိုးချစ်စာရေးဆရာတစ်ဦး(သို့မဟုတ်) မော်လမြိုင်နှင့်မောင်လွမ်း၊ မော်လမြိုင်နှင့်မောင်လွန်း၊ မော်လမြိုင်နှင့် သခင်ကိုယ်တော်မှိုင်းဟု ဆိုရလောက်အောင် မြန်မာပြည်ရဲ့ မြို့တွေထဲက မြို့တစ်မြို့အနေနဲ့ ထင်ပေါ်နေခဲ့တယ် ဆရာတို့ဟု အဆုံးသတ်စကားဆိုမိပြန်သည်။ ဆရာက စာပေကို ချစ်မြတ်နိုးရုံသာမက အမျိုးဘာသာနှင့် သာသနာကိုပါ နှစ်သက်ခင်မင်သူဖြစ်ခဲ့တာကြောင့် ဆရာမှိုင်း(ခေါ်)မောင်လွန်းကို ကမ္ဘာ့ငြိမ်းချမ်းရေးလီနင်ဆုအဖြစ် ချီးမြှင့်ခြင်း ခံခဲ့ရတယ်။

ကားရပ်လို့ ခရီးအဆုံးမှာတော့ လိုက်ပါရင်းနားထောင်သူ အချို့ကပါ ဤသို့ စကားဆိုကြသည်။ ဒီနေ့ သာသနာပြုခရီးစဉ်က မြန်မာလူမျိုးတို့ရဲ့ မျိုးချစ်စာရေးဆရာကြီး သခင်ကိုယ်တော်မှိုင်းအကြောင်းကို တစ်စိတ်တစ်ပိုင်းသိလိုက်ရ၍ (ခေတ္တရောက်)မော်လမြိုင်မြို့လေးနှင့်အတူ ခရီးစဉ်အား ကျေးဇူးတင်ခဲ့ကြရသည်။

သို့သော် အမှတ်စဉ်(၉၅) သာသနာပြုအဖွဲ့၏ သာသနာပြုခရီးစဉ်ကတော့ မဆုံးသေးပါ။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့အနီး ဆိပ်ဖူးတောင်ခြေရှိ (၁၇)ကြိမ်မြောက် ကထိန်အောင်ပွဲဆီသို့ အဲယားကွန်းဘတ်စ်ကားကြီးကတော့ ရေစက်ချအခမ်းအနားအမီ အာရှလမ်းမကြီးပေါ်တွင် အရှိန်နှင့်ပြေးနေလေတော့သည်။



**ဦးလှဝင်း ဦးဆောင်သည့် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းချုပ်သည် ရှင်တစ်ပါးစာ ငွေကျပ်ငါးသောင်းဖြင့် ရှင်အပါး ၁၀၀ သိန်းငါးဆယ်ကျပ်နှင့်အတူ သပိတ်၊ ပစ္စည်းလေးပါးကိုပါ ဆက်ကပ်နိုင်ခဲ့၍ အလှူ့ဒါယကာ၊ ဒါယိကာမများအဖြစ် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာသုံးကြိမ် ခေါ်ဆိုနိုင်ခဲ့ကြပါသည် .....**

(ကိုးကား) - လက်တွေ့ ခရီးသွားအစီအစဉ်
- ဆရာမှိုင်း၏ ဆယ်ကုဋေကျော်ဋီကာ (လှိုင်ထွန်း)

**အိုးဝေ(မြေနီကျင်း)**

# အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီ၏ (၇၅)နှစ်မြောက် မွေးနေ့ကျင်းပ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများက မွေးနေ့ဆုတောင်းစကားများ အသီးသီးပေးပို့







**နေပြည်တော် စက်တင်ဘာ ၁၇**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီသည် ၁၉၅၀ ပြည့်နှစ် စက်တင်ဘာ ၁၇ ရက်က မွေးဖွားခဲ့ပြီး ယနေ့တွင် ၇၅ နှစ် ပြည့်မြောက်ခဲ့ကြောင်း၊ အဆိုပါ အိန္ဒိယဝန်ကြီးချုပ်၏ မွေးနေ့ပွဲကို ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အိန္ဒိယနိုင်ငံ Madhya Pradesh ပြည်နယ် Dhar မြို့မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း။

ယနေ့တွင်ကျရောက်သည့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၏ မွေးနေ့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပါအဝင်အမေရိကန်ပြည်ထောင်စု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗြိတိန်နိုင်ငံစသည့် နိုင်ငံများနှင့် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများကလည်း မွေးနေ့ ဆုတောင်းစကားများ အသီးသီးပေးပို့ခဲ့ကြကြောင်း အိန္ဒိယနိုင်ငံ DD News သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ ■



## ၁၉၁၆ ခုနှစ်က နစ်မြုပ်ခဲ့သည့် အီတ်ချ်အမ်အက်စ်သင်္ဘောပျက်မှ ရှေးဟောင်းပစ္စည်းများ မကြာသေးမီကပြန်လည်တွေ့ရှိခဲ့သည်ဟု ဆို

**အေသင် စက်တင်ဘာ ၁၇**

၁၉၁၆ ခုနှစ်က ဂျာမန်တို့ မိုင်းဖြင့်ဖောက်ခွဲတိုက်ခိုက်နှစ်မြုပ်ခဲ့သည့် အီတ်ချ်အမ်အက်စ်သင်္ဘောပျက်မှ ရှေးဟောင်းပစ္စည်းများကို မကြာသေးမီက ပြန်လည်တွေ့ရှိခဲ့သည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

ယင်းဆောင်ရွက်မှုကို မေလတွင် ပြုလုပ်ခဲ့သော်လည်း ယဉ်ကျေးမှုဝန်ကြီးဌာနက တွေ့ရှိချက်များကို တနင်္လာနေ့တွင် အသေးစိတ်ထုတ်ပြန်ခဲ့ပြီးမှသာ အများပြည်သူသို့ အသိပေးခဲ့ခြင်းဖြစ်သည်။

ဘရစ်တန်းနစ်ဖောင်ဒေးရှင်းတည်ထောင်သူ ဗြိတိသျှသမိုင်းပညာရှင် ဆိုင်မွန်မီးလ်စ်က စီစဉ်သော အထူးပစ္စည်းကိရိယာများ တပ်ဆင်ထားသည့် ပင်လယ်နက်ရေငုပ်သင်္ဘောသား ၁၁ ဦးအဖွဲ့က ပြန်လည်ရယူရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

ပြန်လည်ရယူပြီး လေအိတ်များဖြင့် မြှင့်တင်ခဲ့သည့် ပစ္စည်းများထဲတွင် သင်္ဘော၏ ရှေ့ထွက်ခေါင်းဆောင် ခေါင်းလောင်း၊ ဆိပ်ကမ်းဘက်ခြမ်း မီးအိမ်၊ တယ်လီစကုပ်များ၊ တူရကီရေချိုးခန်းများမှ ကြွေပြားများနှင့် ပထမတန်းနှင့် ဒုတိယတန်းခန်းမများမှ ပစ္စည်းကိရိယာများ ပါဝင်ကြောင်း သိရသည်။

Mon

## မက္ကဆီကိုနိုင်ငံ၏ လွတ်လပ်ရေးနေ့အခမ်းအနားကို သမ္မတ ကလော်ဒီယာရှိန်ဘောင်းမ် ဦးဆောင်ကျင်းပ

**မက္ကဆီကို စက်တင်ဘာ ၁၇**

မက္ကဆီကိုနိုင်ငံသမိုင်းတွင် နှစ်ပေါင်း ၂၁၅ နှစ်တာကာလအတွင်း လွတ်လပ်ရေးနေ့အခမ်းအနားကို ဦးဆောင်ကျင်းပသည့် ပထမဆုံးအမျိုးသမီးသမ္မတအဖြစ် ကလော်ဒီယာရှိန်ဘောင်းမ်က မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

သမ္မတ ရှိန်ဘောင်းမ်သည် မက္ကဆီကိုမြို့တော်ရှိ အမျိုးသားနန်းတော် လေသာဆောင်မှ အထိမ်းအမှတ်ခေါင်းလောင်းကို တီးခတ်ကာ ညပိုင်းတွင် ရိုးရာ “ဂရီတို” လွတ်လပ်ရေးအခမ်းအနားကို ဦးဆောင်ကျင်းပခဲ့သည်။

“ဘယ်ပြည်ပနိုင်ငံကမှ ကျွန်မတို့အတွက် ဆုံးဖြတ်ချက်တွေချလို့မရပါဘူး” ဟု လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် သမ္မတ ရှိန်ဘောင်းမ်က ပြတ်ပြတ်သားသား ပြောကြားခဲ့သည်။



၎င်း၏အစိုးရသည် ယခင်သမ္မတလက်ထက်ထက် ဂိုဏ်းများကို ပိုမိုပြင်းထန်စွာ နှိမ်နင်းခဲ့ပြီး ဂိုဏ်းခေါင်းဆောင်များစွာကို အမေရိကန်အာဏာပိုင်များထံ လွှဲပြောင်းပေးခဲ့သလို မက္ကဆီကို-အမေရိကန်နယ်စပ်တွင် ဖန်တနေးလ်ဖမ်းဆီးရမိမှု လျော့ကျသွားပုံကိုလည်း မီးမောင်းထိုးပြခဲ့သည်။

သို့ရာတွင် သမ္မတ ရှိန်ဘောင်းမ်အနေဖြင့် ယင်းကြိုးပမ်းမှုများကို အမေရိကန်၏ ဖိအားပေးမှုအတွက် တုံ့ပြန်ခြင်းမဟုတ်ဘဲ မက္ကဆီကို၏အကျိုးစီးပွားကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

Mon

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

## ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းများဆိုင်ရာ စိတ်ဓာတ်အညွှန်းကိန်း ဩဂုတ်လတွင် သုံးနှစ်တာအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်း

**ဘန်ကောက် စက်တင်ဘာ ၁၇**

ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းများဆိုင်ရာ စိတ်ဓာတ်အညွှန်းကိန်းသည် နိုင်ငံရေး မသေချာမရေရာမှုများ၊ ထိုင်းဘတ်ငွေခိုင်မာလာခြင်းနှင့် အမေရိကန်၏ ကုန်သွယ်ခွန်များအပေါ် စိုးရိမ်မှုကြောင့် ဩဂုတ်လတွင် သုံးနှစ်တာအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ခြောက်လတာကာလအတွင်း ကျဆင်းခဲ့ပြီးနောက်တွင် နိုင်ငံရေးမငြိမ်မသက်ကာလတစ်ခုအပြီးတွင် အစိုးရသစ်ပေါ်ပေါက်လာပါက စိတ်ဓာတ်များ မြင့်တက်လာနိုင်ကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့အစည်းက အစီရင်ခံသည်။

ယင်းအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ဩဂုတ်လတွင် စက်မှုလုပ်ငန်းများ၏ စိတ်ဓာတ်အညွှန်းကိန်းသည် ဇူလိုင်လတွင် ၈၆ ဒသမ ၆ မှ ၈၆ ဒသမ ၄ သို့ ကျဆင်းခဲ့ပြီး ၃၇ လတာအတွင်း အနိမ့်ဆုံးမှတ်တမ်းဖြစ်သည်။

ယင်းစစ်တမ်းကို ယခုလအတွင်း မဲဆန္ဒဖြင့် အနုတင်ချွန်တာနာဆူရာကိုက ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းမပြုမီ ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Mon

## တရုတ်နိုင်ငံ၏ တစ်တော့ဗီဒီယိုမျှဝေသည့် ပလက်ဖောင်းကို အမေရိကန်တွင် ဆက်လက်လည်ပတ်ခွင့်ပြုရန် သဘောတူညီချက်ရရှိ

**ဝါရှင်တန် စက်တင်ဘာ ၁၇**

တရုတ်နိုင်ငံ၏ တစ်တော့ဗီဒီယိုမျှဝေသည့် ပလက်ဖောင်းကို အမေရိကန်တွင် ဆက်လက်လည်ပတ်ခွင့်ပြုရန် သဘောတူညီချက်ရရှိသည်ဟု အမေရိကန်သမ္မတ ဒေါနယ်လ်ထရမ့် ယမန်နေ့က အတည်ပြုပြောကြားလိုက်ကြောင်း သိရသည်။



ထရမ့်က ရေပန်းစားသည့် အဆိုပါဗီဒီယို မျှဝေရေးအက်ပ်ကို အမေရိကန်တွင် ပိတ်ပင်ခြင်းမှ ရှောင်ရှားရန် သဘောတူညီချက်၏ အသေးစိတ်အချက်အလက်များကို အတည်ပြုရန် သီတင်းပတ်နှောင်းပိုင်းတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဟု ဆိုသည်။

“ဒါကိုဝယ်ယူလိုတဲ့ ကုမ္ပဏီကြီးတွေ အများကြီးရှိပါတယ်။ ကလေးတွေကလည်း လိုချင်နေကြတယ်လေ” ဟု ထရမ့်က စက်တင်ဘာ ၁၆ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

“မိဘတွေက ကျွန်တော့်ကို ဖုန်းခေါ်ကြတယ်။ သူတို့ကိုယ်တိုင်အတွက်မဟုတ်ဘူး။ ကလေးတွေအတွက် လိုချင်တာတဲ့။ ကျွန်တော်မလုပ်ပေးရင် ကလေးတွေနဲ့ ပြဿနာတက်မယ်လို့ ပြောကြတယ်။ ဒါကကောင်းတယ်လို့ ကျွန်တော်ထင်တယ်။ အဲ့ဒီလိုတန်ဖိုးမျိုးကို လွှင့်ပစ်လိုက်ရတာ စိတ်မကောင်းဘူး” ဟု ၎င်းက ပြောကြားသည်။

တစ်တော့ပိတ်ပင်မှုရင်ဆိုင်ရမည့် ကိစ္စအတွက် အောက်တိုဘာလ ၁၆ ရက်အထိ နောက်ဆုံးရက်ကို တိုးမြှင့်လိုက်သည့် အမိန့်တစ်ရပ်ကို သမ္မတထရမ့်က စက်တင်ဘာ ၁၆ ရက်နှောင်းပိုင်းတွင် လက်မှတ်ရေးထိုးပေးခဲ့ကြောင်း သိရသည်။

Mon

STOP AIDS

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ



## Sona Shee ပါဝင်ထားသည့် သရဲမှုခင်းဇာတ်ကားသစ် ထွက်ရှိ

ဘောလိဝုဒ်မင်းသမီးချော ဆိုနာရှီး ပါဝင်ထားသည့် သရဲမှုခင်းဇာတ်ကားသစ်မှာ ပညာပေးကားတစ်ခုဖြစ်ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပညာပေးဇာတ်ကားဟု ဆိုရခြင်းမှာ ငယ်စဉ်က မိဘများက သူစိမ်းများထံမှပေးသည့် လက်ဆောင်ပစ္စည်းများ မယူရဆိုသည့် အကြောင်းအရာ၏ အဖြေပါဝင်နေ၍ ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် သရဲကို မယုံကြည်သော အမျိုးသမီးတစ်ဦးက အမေရိကန်နိုင်ငံမှ သရဲအကြောင်းပြ လိမ်စားနေသူတစ်ဦးအကြောင်း ဖော်ထုတ်ရန် ကြိုးစားခဲ့ရာမှ သုံးရက်နေလျှင် သေမည်ဟု ကျိန်စာတိုက်ခံ၍ သုံးရက်အတွင်း သတ်သေသွားခဲ့သည်။

ကျိန်စာတိုက်သူ၏ နောက်ကြောင်းရာဇဝင်များ ဖော်ထုတ်ခဲ့ရာက သူစိမ်းတစ်ဦး၏ လက်ဆောင်မယူသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသည့်အဖြေကိုပါ ထည့်သွင်းရိုက်ကူးထားသည့် သရဲမှုခင်းဇာတ်ကားဖြစ်သည်။

(SKY)

*-*-*-*-*-*-*

## Gal Gadot ပြောင်းဖူးပေါက်ပေါက် မင်းသမီးဖြစ်



ဟောလိဝုဒ်ပြောင်းဖူးပေါက်ပေါက်မင်းသမီး (Popoom Actress) ဆိုသည်မှာ ရုံဝင်ငွေဦးစားပေးနှင့် ရုံတင်ဇာတ်ကားကြီးများတွင် နေရာယူသူများကို သတ်မှတ်ထားရာ ဂဲလ်ဂါဒေါ်လည်း စာရင်းဝင်ဖြစ်လာကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပြောင်းဖူးပေါက်ပေါက်မင်းသမီးများတွင် ၁၉၉၀ မှ ၁၉၉၉ ခုနှစ်ကြားတွင် ကင်မရွန်ဒိုင်းယက်စ်၊ ဒမ်မီမိုး၊ စင်ထရာဘူးလော့စ်တို့ ပါဝင်ပြီး ၂၀၀၀ ပြည့်နှစ်တွင် အိန်ဂျလီနာဂျိုလီ၊ ဂျနီဖာလိုပက်စ်၊ ဒရူးဘယ်ရီမိုး၊ ရိသီဝိုက်တာစပွန်းတို့ ပါဝင်ခဲ့ကြသည်။

လက်ရှိနာမည်ရလာသည့် ဂဲလ်ဂါဒေါ့၊ အန်နာဒေအာမာ တို့နှစ်ဦးမှာလည်း အေလစ်စာရင်းဝင်များ မဟုတ်ကြသော်လည်း ကြည့်ရှုသူမြင့်မားစွာ ရရှိထားကာ ပြောင်းဖူးပေါက်ပေါက်မင်းသမီးများဖြစ်လာကြပြီး အချို့က လာမည့် ဆယ်စုနှစ်အတွင်း မည်သည့်နေရာရောက်နေမည်ကို ခန့်မှန်းကြခြင်းမှာ ပြောင်းဖူးပေါက်ပေါက် မင်းသမီးများ၏ သက်တမ်းမှာ (၁၅)နှစ်သာ ခံသောကြောင့် ဖြစ်သည်။

(SKY)

## Foxter and Max သည် စက်ရုပ်ခွေးနှင့် ကောင်လေးတစ်ယောက်အကြောင်းရိုက်ကူးထား

ခွေးချစ်ပြီး ခွေးမွေးခွင့်မရသော ကောင်လေးတစ်ဦးသည် ကာတွန်းဆွဲဝါသနာပါပြီး ခပ်အေးအေးနေတတ်ရာမှ အတန်းဖော်များ အနိုင်ကျင့်ခံရပြီး တဲအောက်က ထူးဆန်းသည့်မှတ်ဆေးတစ်ဘူး အကြောင်းပြု၍ စက်ရုပ်ခွေးလေးတစ်ကောင် ရောက်လာသောအခါ ပြောင်းလဲသွားသောဘဝအကြောင်း တင်ပြထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စက်ရုပ်ခွေးကလေးကို မကောင်းသည့် ရည်ရွယ်ချက်နှင့် အသုံးချရန် ကြည့်နေသည့် လူမိုက်များ လက်ထဲပါမသွားအောင် ကောင်လေးက ကာကွယ်ပေးပုံ၊ ခပ်တုံးတုံးကောင်လေးကို စက်ရုပ်ခွေးလေးက ပြန်လည်ကယ်တင်ပုံများနှင့် သူတို့နှစ်ဦးအကြောင်း ရိုက်ကူးထားသည့် ယူကရိန်းရုပ်ရှင်ဖြစ်သည်။

(SKY)




## Run Jin တွင် ဂျင်က နှလုံးသားနှင့် စိတ်ဝိညာဉ်ထည့်သွင်းသရုပ်ဆောင်ထား

ဘီတီအက်စ်အဖွဲ့ဝင် ဂျင်သည် ဟောဘီမီဒီယာစတူဒီယို၏ စီစဉ်ရေးနှင့် ၂၀၂၄ ခုနှစ်တွင် ထုတ်လွှင့်ခဲ့သည့် Run Jin Season-1 တွင် ပါဝင်ထားပြီး သူ့နှလုံးသားနှင့် စိတ်ဝိညာဉ်ကို ထည့်သွင်း သရုပ်ဆောင်ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအစီအစဉ်တွင် Hallasan တောင်ဘက်ခြမ်းနှင့်စတင်၍ ခက်ခဲမှုများကို စိန်ခေါ်၍ စိတ်အားထက်သန်စွာ ပါဝင်ထားရာ သင်တန်းအပြန် ပရိသတ်ကို ချပြထားခြင်းဖြစ်ပြီး Goodbye Jin မှာ သူ၏ မူရင်းပုံစံကို ဖော်ထုတ်ပြသခြင်းဖြစ်သည်။

ဂျင်နှင့်အတူ Running Man မှ ဂျီဆွတ်ဂျင်၊ ဟာသအနုပညာရှင် လီရီကွမ်၊ ဘီတီအက်စ်အဖွဲ့ဝင် ဂျေဟုတ်တို့က ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်ထားကြကာ ဂျင်၏ နှလုံးသားနှင့် စိတ်ဝိညာဉ်ထည့်သွင်း သရုပ်ဆောင်ထားသည်။

(SKY)




## လမ်းလျှောက်ခြင်းက ခါးနာခြင်းကို လျော့နည်းစေမည်



လမ်းလျှောက်ခြင်းသည် ခါးနာခြင်းကို လျော့နည်းစေပြီး ခါးနာခြင်းကို လျော့နည်းစေရန်အတွက် လမ်းလျှောက်ခြင်း၏ ပြင်းထန်မှုထက် စုစုပေါင်းလမ်းလျှောက်သည့် ပမာဏသည် အရေးကြီးဆုံးဖြစ်ကြောင်း နော်ဝေးနိုင်ငံမှ သုတေသီများ မကြာသေးမီက လေ့လာတွေ့ရှိခဲ့သည်။

နေ့စဉ်လမ်းလျှောက်ခြင်းနှင့် နာတာရှည်ခါးအောက်ပိုင်းပြဿနာများအကြား ဆက်စပ်နေပုံကို လေ့လာရာမှ ထိုသို့တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

လူအများအပြားသည် ပိုမိုလမ်းလျှောက်လေ၊ ခါးအောက်ပိုင်းပြဿနာများနည်းပါးလေဖြစ်ပြီး လမ်းလျှောက်သည့်အချိန်သည် အလျှဉ် (သို့မဟုတ်) ပြင်းထန်မှုထက် ပိုအရေးကြီးကြောင်း ထိုသုတေသီများ ဖော်ထုတ်နိုင်ခဲ့သည်။

"နေ့စဉ် မိနစ် ၁၀၀ ထက်ပို၍ လမ်းလျှောက်သူများသည် ၇၈ မိနစ်(သို့မဟုတ်) ထိုထက်နည်း၍ လမ်းလျှောက်သူများနှင့် နှိုင်းယှဉ်ပါက ခါးအောက်ပိုင်းပြဿနာများ ဖြစ်ပေါ်နိုင်ခြေ ၂၃ ရာခိုင်နှုန်း နည်းပါးမည်" ဟု ဦးဆောင်သုတေသီ ရာယာနေဟာတ်ဒတ်ဂျ်က ရှင်းပြကြောင်း သိရသည်။

(SCI)



## Tee Yod ထိုင်းသရဲကားတစ်ခုထက် ပိုကောင်းခဲ့

ထိုင်းဘာသာနှင့် Tee Yod ဆိုသည်မှာ Women in Black အနက်ရောင်ဝတ်စုံနှင့် အမျိုးသမီးဟု ခေါ်ဆိုကာ သူနှင့် အပေးအယူလုပ်ထားသူများ တစ်နည်းတစ်ဖုံ သေဆုံးရပုံအကြောင်း ရိုက်ကူးထားကြောင်း ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားကို အပိုင်း (၁)နှင့် (၂)ခွဲ၍ ထွက်ရှိထားရာ အပိုင်း(၁)တွင် စုန်းမကို စိတ်ဝင်စားအောင်လုပ်ထားပြီး ဇာတ်ကြမ်းနှင့် စတင်ထားကာ သရဲကားတစ်ခုထက် စူပါနယ်ချရယ်ကားကြည့်ရသကဲ့သို့ စွမ်းအားများပြသထားသည်။

မင်းသားနာဒစ်ကူကီမီယာ ပါဝင်ထားပြီး အပိုင်း(၁)နှင့် ပြည့်စုံနေပြီဖြစ်သော်လည်း အပိုင်း(၂) ထပ်ဖြည့်ထားကာ ပို၍ကောင်းမွန်သွားပြီး အပိုင်း(၃)အထိ ထပ်မံရိုက်ကူးမည်ဖြစ်သည်။

(SKY)



## Lee Hanee ကို အမေခန်းသရုပ်ဆောင်အဖြစ် တွေ့ရ

ဝါရင့်သရုပ်ဆောင်လီဟန်နီကို ဆောင်းဟေကို၏ မိခင်နေရာအမေခန်းမှ ပါဝင်သရုပ်ဆောင်ထားကြောင်း နက်ဖလစ်သတင်းအရ ဖော်ပြထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မိခင်လက်ထက်အဆိုတော်အဖြစ်မအောင်မြင်ခဲ့မှုကို သမီးဖြစ်သူလက်ထက်၌ အကောင်အထည်ဖော်မည့် ဇာတ်လမ်းဖြစ်ကာ မိခင် လီဟန်နီ၊ သမီး ဆောင်းဟေကိုနှင့်အတူ ဂီတလောက သူငယ်ချင်းများအဖြစ် မင်းသားဂေါင်ယိုနှင့် အဆိုတော်ဆိုဟွမ်တို့လည်း ပါဝင်အားဖြည့်ထားကြသည်။

စာရေးဆရာမ ဒါရိုက်တာ၊ သရုပ်ဆောင်များအားလုံးနီးပါး ဘိတ်ဆန်းဆုပိုင်ရှင်များဖြစ်ကြပြီး ဇာတ်လမ်းဇာတ်ညွှန်းကောင်းတစ်ခုကို အသက်သွင်းထား၍ ပရိသတ်စောင့်မျှော်နေကြသည်။(SKY)





# မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အကြို အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးမြို့ မဟာသကျမာရဇိန်ကျောက်တော်ကြီး မြတ်စွာဘုရား (၁၃၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အကြို အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၆ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ၁၁ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ပြီး အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်းတော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဝတ်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီးနောက် အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

၎င်းနောက် အောင်မြေသာစံမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်းဆရာတော်ထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီးနောက် ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်း ပေးဝေကြသည်။

ဆက်လက်၍ အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပပြီးနောက် အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်းဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



# မိတ္ထီလာခရိုင်တွင် စိုက်ပျိုးရေးသွင်းအားစုများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းနှင့်အညီ ရောင်းချရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၇**

မိတ္ထီလာခရိုင်တွင် စိုက်ပျိုးရေးသွင်းအားစုများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းနှင့် အညီရောင်းချရေး နည်းပညာပေး ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မိတ္ထီလာခရိုင် စိုက်ပျိုးရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲကို စိုက်ပျိုးရေးသွင်းအားစုများအား ရောင်းချရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းနှင့်အညီ ရောင်းချရေးအတွက် ခရိုင်အတွင်းရှိ စိုက်ပျိုးရေးသွင်းအားစုများ ရောင်းချနေသည့် ဆိုင်ရှင်များအား သိရှိလိုက်နာနိုင်ရန် ကျင်းပခြင်းဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်နွယ် ဦးစီးဌာနများမှ ခရိုင်ဦးစီးမှူးများ၊ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များရှိ စိုက်ပျိုးရေးမြို့နယ် ဦးစီးမှူးများ၊ စိုက်ပျိုးရေးသွင်းအားစုများထုတ်လုပ်သည့်လုပ်ငန်းရှင်များ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့ရောင်းချလျက်ရှိသည့်ဆိုင်ရှင်များ စုစုပေါင်း ၁၀၁ ဦး တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲ၌ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းက စံချိန်စံညွှန်းပြည့်မီသော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့များကိုသာ ရောင်းချရန်၊ ပိုးသတ်ဆေးရောင်းချသူသည် CPA လက်မှတ်ရရှိထားရန်၊ ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေး ရောင်းချသူများကလည်း ဝယ်ယူသူသို့ ရှင်းလင်းဆွေးနွေးရန်၊ အချိန်မီ လိုင်စင်သက်တမ်းတိုးရန်၊ အဆိပ်ရှိပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် ဥပဒေများနှင့် ထိန်းကျောင်းထားသည်များကို စည်းကမ်းတကျလိုက်နာရန်၊ ဆိုင်အမှတ်တံဆိပ်ပါသော ပြေစာဖြင့် ရောင်းချရန်တို့ကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းက ခရိုင်အတွင်း စိုက်ပျိုးရေးဆေးဆိုင်များ၊ ဓာတ်မြေဩဇာ၊ မျိုးစေ့အရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှု အခြေအနေများ၊ အရည်အသွေး၊ ဈေးနှုန်းများကို သတ်မှတ်ထားသည်နှင့်အညီ ရောင်းချရေး၊ တားမြစ်ထားသည်များအား မပြုလုပ်ရန်တို့ကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက ဓာတ်မြေဩဇာဈေးနှုန်းများ သတ်မှတ်ထားရှိမှု အခြေအနေများကို ရှင်းလင်းခြင်း၊ ရည်ညွှန်း ဈေး၊ တင်၊ ချခ၊ သယ်ယူခ၊ အမြတ်စသည်များအပေါ် သတ်မှတ်ဈေးနှုန်းများနှင့် အညီ လိုက်နာရောင်းချရန်တို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြသည်။ **(ဝဲပုံ)**

၎င်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းထက်က ပိုးသတ်ဆေးဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများကိုလည်းကောင်း၊ တိုင်းမြေအသုံးချရေး တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းချိုက မြေဩဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများကိုလည်းကောင်း၊ တိုင်းမျိုးစေ့ တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မင်းမင်းသွင်က မျိုးစေ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဆောင်ရွက်သည့်လမ်းစဉ်များအကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးပြောကြားခဲ့ကြကြောင်းနှင့် တက်ရောက်လာကြသူများက သိရှိလိုသည်များကိုလည်း ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

# ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နယ်လှည့်ကွင်းဆင်း ကျန်းမာရေးကုသခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်

**မြစ်သား စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ မာဃရပ်ကွက်အတွင်းရှိ ပြည်သူများအား ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမြတ်ကိုနှင့် ကျန်းမာရေးဝန်ထမ်းများက ဦးဆောင်၍ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများက (အခမဲ့)နယ်လှည့်ကွင်းဆင်း ကျန်းမာရေးကုသခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများက မာဃရပ်ကွက်အတွင်းရှိ အထွေထွေရောဂါလူနာများ၊ ကိုယ်ဝန်ဆောင်နှင့် သားဖွားမီးယပ်လူနာများ၊ အရိုးအကြောနှင့် ပတ်သက်သည့် လူနာများ၊ ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီး ရပ်ကွက်နေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရန်အတွက် သောက်သုံးရေကန်များ၊ ရေအိုးများ၊ ဘုရားပန်းအိုးများ၊ ကားတာယာများ၊ အိုးခွက်များစသည့် ခြင်ခိုအောင်းနိုင်သည့်နေရာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**



# တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



နေပြည်တော်   စက်တင်ဘာ   ၁၇

ရှမ်းပြည်နယ်မှ   တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများဖြစ်သည့် ဒက္ခိဏသီရိမြို့နယ်   ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး နေပြည်တော်ရေပန်းဥယျာဉ်သို့   သွားရောက်လေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ ရှင်းလင်းဆောင်၌ ဘုရားကြီးဂေါပကအဖွဲ့ဝင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့မှုများကို ရှင်းလင်းပြောကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့မှ   တာဝန်ရှိသူများက   ကျေးဇူးတင်စကားပြောကြားပြီး   ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ   တည်ထားပူဇော်ခဲ့မှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့က ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ   ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား   ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်းကပ်လှူပူဇော်ကာ ဘုရားရင်ပြင်တော်ပတ်လည်၌   စကျင်ကျောက်များအသုံးပြုတည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များ၊ ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါမိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများ၊ ပုံစံငယ်များနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်မှု မှတ်တမ်းတင်ဓာတ်ပုံများကို   လှည့်လည်ကြည့်ရှုကြပြီး နေပြည်တော်ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာကြကြောင်း သိရသည်။

သတင်းစဉ်

# (၁၁) ကြိမ်မြောက် အာဆီယံ + ၃ မီဒီယာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပ

ကူမင်း   စက်တင်ဘာ   ၁၇

(၁၁)ကြိမ်မြောက် အာဆီယံ+၃ မီဒီယာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ   ယူနန်ပြည်နယ် ကူမင်းမြို့   Yunnan Haigeng Convention Center ၌ ကျင်းပရာ အာဆီယံ + ၃ နိုင်ငံများမှ အစိုးရသတင်းထုတ်ပြန်ရေး   ဆိုင်ရာတာဝန်ရှိသူများ၊   သုတေသနပညာရှင်များနှင့် ပုဂ္ဂလိကမီဒီယာများမှ   ကိုယ်စားလှယ်များတက်ရောက်ကြသည်။




ဖိုရမ်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်က Increase Interconnectivity for Common Development and Shared Benefits ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက Foster New Growth Drivers and Share New Development Opportunities ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ဆွေးနွေးပြီး   မီဒီယာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအတွက် ဒေသတွင်းသတင်းအချက်အလက်မှန်များ မြန်ဆန်စွာစီးဆင်းရေးနှင့် သတင်းတု၊   သတင်းမှားများတိုက်ဖျက်ကာကွယ်ရေး ကိစ္စများဆွေးနွေးခဲ့ကြသည်။

MK

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မန္တလေး   စက်တင်ဘာ   ၁၇

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံ   ရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြု   သောအားဖြင့် ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ဂုနာရီက ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက် (၄၉၈)၊ ၁၀၅လမ်းနှင့် ၈၄ လမ်းရှိ မြေစွန်းဝန်ဘုရားဝင်းအတွင်း၌ ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြေစွန်းဝန်ဘုရားဝင်းအတွင်း ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စွန့်ပစ်ခြင်း၊ မြေလျှောက်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော မြေစာပုံများ၊ အုတ်ပုံ အပိုင်းအစများအား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စနစ်တကျစုပုံထားရှိခြင်းနှင့် ဘုရားအနီးပတ်ဝန်းကျင်နေရာများကိုသန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးယာယီရဲမှူး ကိုကိုသန်း၏ ကြီးကြပ်မှုဖြင့် အမှတ် (၁၀)   မြို့မရဲစခန်းမှူးဒုရဲမှူးခင်မောင်ဦး ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများက   စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ချမ်းမြေ့(ချမ်း/စည်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့   ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့   (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# နိုင်ငံတကာ အားကစား သတင်းများ

## မာတာကို မဲလ်ဘုန်းဗစ်ထရီအသင်း ခေါ်ယူ




**လန်ဒန် စက်တင်ဘာ ၁၇**

ဩစတြေးလျကလပ် မဲလ်ဘုန်းဗစ်ထရီအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့် ကွင်းလယ်ကစားသမား မာတာကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

အသက်(၃၇)နှစ်အရွယ်ရှိ မာတာသည် မဲလ်ဘုန်းဗစ်ထရီအသင်းတွင် ကျောနံပါတ် (၆၄) ဂျာစီ ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

မာတာသည် ကစားသမားဘဝတစ်လျှောက်တွင် ဗလင်စီယာ၊ ချဲလ်ဆီး၊ မန်ယူ၊ ဂါလာတာစာရေး၊ ဗစ်ဆဲလ်ကိုဘေး၊ Western Sydney Wanderers စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် မဲလ်ဘုန်းဗစ်ထရီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား မာတာအနေဖြင့် ဩစတြေးလျကလပ် မဲလ်ဘုန်းဗစ်ထရီအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)



## 2025 Samsun Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၂၇ ရက်တွင် စတင်မည်

**အစ္စတန်ဘူ စက်တင်ဘာ ၁၇**

တူရကီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Samsun Open တင်းနစ်ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၂၇ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Samsun Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၇ရက်မှ အောက်တိုဘာ ၆ရက်အထိ ၁၀ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Samsun Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းမယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

2025 Samsun Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဖြစ်သောသူသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၁၅၀၀၀ ရရှိမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## အမ်တီတီ ဘောလုံးကစားသမားဘဝမှ အနားယူ

**ဘာစီလိုနာ စက်တင်ဘာ ၁၇**

ဘာစီလိုနာအသင်းနှင့် ပြင်သစ်အသင်း နောက်ခံကစားသမားဟောင်း အမ်တီတီသည် ဘောလုံးကစားသမားဘဝမှ အနားယူသွားခဲ့ပြီဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် လိုင်ယွန်၊ ဘာစီလိုနာ၊ လိုင်လီ စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး စပိန်လာလီဂါချန်ပီယံဆု၊ စပိန်ဘုရင့်ဖလား ချန်ပီယံဆုတို့ကိုလည်း ရယူနိုင်ခဲ့သည့်အပြင် ပြင်သစ်လက်ရွေးစင်အသင်းနှင့်လည်း ပြိုင်ပွဲပေါင်း ၃၁ပွဲ ကစားကာ လေးဂိုး သွင်းယူနိုင်ခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ အမ်တီတီက "အနိမ့်အမြင့်၊ အတက်အကျတွေနဲ့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ကစားသမားဘဝမှာ ရှင်သန်နေထိုင်ပြီးနောက် နှုတ်ဆက်စကားပြောဖို့ အချိန်ရောက်လာခဲ့ပါပြီ။ ကျွန်တော် ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော် ဘောလုံးကစားနေစဉ်အချိန်အတွင်း အားပေးခဲ့ကြတဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အောက်ပုံ)(NGB)




## ဘာပေ ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၅၀ ပြည့်မြောက်

**မက်ဒရစ် စက်တင်ဘာ ၁၇**

ရီးရဲလ်မက်ဒရစ် တိုက်စစ်မှူး ဘာပေသည် အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၅၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ် အမှတ်ပေးလိဂ်အဆင့်ပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက မာဆေးလ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးနှစ်ဂိုးစလုံးကို သွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုး ၅၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘာပေသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၄ပွဲ ကစားပြီး ဂိုး ၅၀ အထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဘာပေက "ကျွန်တော် အခုလို အသင်းနဲ့အတူ သွင်းဂိုး ၅၀ပြည့်မြောက်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အခုလိုသွင်းဂိုးတွေ ဆက်လက်သွင်းယူနိုင်ဖို့ ကြိုးစားသွားဦးမှာပါ"ဟု ပြောသည်။ (အောက်ပုံ)

(NGB)




## ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် လူစားဝင်ပြီး အမြန်ဆုံး ဂိုးသွင်းနိုင်သည့် ကစားသမားအဖြစ် မာတင်နယ်လီမှတ်တမ်းဝင်

**လန်ဒန် စက်တင်ဘာ ၁၇**

တိုက်စစ်မှူး မာတင်နယ်လီသည် အာဆင်နယ်အသင်း၏ ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်း တစ်လျှောက် လူစားဝင်ကစားပြီး အမြန်ဆုံးဂိုးသွင်းနိုင်သည့် ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

(အပေါ်ဝဲပုံ)

အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ် အမှတ်ပေးလိဂ်အဆင့်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက ဘီလ်ဘာအိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် ၇၁မိနစ်၌ လူစားဝင်လာခဲ့ပြီး ၇၂မိနစ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မာတင်နယ်လီသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၉ပွဲကစားပြီး ၅၂ဂိုးအထိ သွင်းယူထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ မာတင်နယ်လီက "ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်း တစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အခုလို စံချိန်တွေအပြင် အသင်းအတွက် သွင်းဂိုးတွေသွင်းယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(NGB)

## ဘရန်းဝိတ် အသင်းတွင် ဆက်ရှိသွားမည်ဟု အဲဗာတန်အသင်း အတည်ပြု

**လန်ဒန် စက်တင်ဘာ ၁၇**

နောက်ခံကစားသမား ဘရန်းဝိတ်သည် အသင်းမှထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အဲဗာတန်အသင်းက အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဘရန်းဝိတ်သည် အဲဗာတန်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၂ပွဲကစားပြီး ခြေစွမ်းပြထားသည်။

အဲဗာတန်အသင်းထုတ်ပြန်ချက်တွင် "ဘရန်းဝိတ်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူ့ကို မည်သည့်ကမ်းလှမ်းမှုမျိုးနဲ့မှ ရောင်းချသွားမှာ မဟုတ်ပါဘူး။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)




## ဘောလုံးသတင်းအတိုအထွာများ

* ချဲလ်ဆီးအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ကာမာဗင်ဂါအား လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ခေါ်ယူသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* နယူးကာဆယ်အသင်းသည် ဘာစီလိုနာအသင်း တောင်ပံကစားသမား အိုလ်မိုကို မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန် စီစဉ်သွားမည်ဖြစ်သည်။

(NGB)



## နည်းပြ ဘရူနိုလာ့ဂျ်ကို ဘင်ဖီကာအသင်း နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၁၇**

ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းသည် အသင်းနည်းပြ ဘရူနိုလာ့ဂျ်ကို နည်းပြရာထူးမှ ထုတ်ပယ်ရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ဘင်ဖီကာအသင်းသည် ချန်ပီယံလိဂ် အမှတ်ပေးလိဂ်အဆင့်ပွဲစဉ်တွင် ကာရာဘတ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် နည်းပြ ဘရူနိုလာ့ဂျ်ကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ဘရူနိုလာ့ဂျ်သည် ဘင်ဖီကာအသင်းကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၅ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲစုံ ၆၅ပွဲတွင် ၄၅ပွဲနိုင်၊ ၁၀ပွဲသရေ၊ ၁၀ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ ဘရူနိုလာ့ဂျ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဘင်ဖီကာအသင်းနည်းပြ ရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)(NGB)



## ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ (အမှတ်ပေး လိဂ်အဆင့်) ပွဲစဉ်ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် | |
|---|---|---|---|---|
| ၁၈-၉-၂၀၂၅ ကြာသပတေးနေ့ | ည ၁၁း၁၅ နာရီ | ဘရုဂျက် (ဘယ်လ်ဂျီယံ-၅) - မိုနာကို (ပြင်သစ်-၃) | ဘရုဂျက် ၁-၁ မိုနာကို<br>မိုနာကို ၀-၄ ဘရုဂျက် | ၂၀၁၈-၁၉ |
| " | " | ကိုပင်ဟေဂင် (ဒိန်းမတ်-၂) - လေဗာကူဆင် (ဂျာမနီ-၁၀) | ကိုပင်ဟေဂင် ၂-၃ လေဗာကူဆင်<br>လေဗာကူဆင် ၄-၀ လေဗာကူဆင် | ၂၀၁၄-၁၅ |
| ၁၉-၉-၂၀၂၅ သောကြာနေ့ | နံနက် ၀၁း၃၀နာရီ | ဖရန့်ဖတ် (ဂျာမနီ-၅) - ဂါလာတာစာရေး (တူရကီယဲ-၁) | ဖရန့်ဖတ် ၀-၀ ဂါလာတာစာရေး<br>ဂါလာတာစာရေး ၁-၀ ဖရန့်ဖတ် | ၂၀၂၂-၂၃ |
| " | " | မန်စီးတီး (အင်္ဂလန်-၈) - နာပိုလီ (အီတလီ-၁) | မန်စီးတီး ၂-၁ နာပိုလီ<br>နာပိုလီ ၂-၄ မန်စီးတီး | ၂၀၁၇-၁၈ |
| " | " | နယူးကာဆယ် (အင်္ဂလန်-၁၀) - ဘာစီလိုနာ (စပိန်-၂) | နယူးကာဆယ် ၀-၂ ဘာစီလိုနာ<br>ဘာစီလိုနာ ၃-၁ နယူးကာဆယ် | ၂၀၀၂-၀၃ |
| " | " | စပိုတင်းလစ္စဘွန်း (ပေါ်တူဂီ-၂) - ကိုင်ရတ် (ကာဇက်စတန်-၁) | ——— | |

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသောအဖွဲ့မှ စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက လမ်း၉၀နှင့် ၉၁လမ်းကြား၊ ၄၁လမ်းနှင့် ၄၂လမ်းကြားရှိ အဝေယာရာမကျောင်းတိုက်အတွင်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။



စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မဟာအောင်မြေမြို့နယ် ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စည်သူကျော် ဦးစီး၍ အရာရှိ အခြားအဆင့် တပ်ဖွဲ့ဝင်အင်အား ၆၁ ဦးနှင့် အဖွဲ့သည် အဝေယာရာမကျောင်းတိုက် အတွင်း၊ အပြင်သန့်ရှင်းသာယာလှပရေးအတွက် ပေါင်းမြက်များ၊ ချုံနွယ်များ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)



## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၇**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ယောမာဇလရပ်ကွက် အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြသန်းထိုက်ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် မြောင်းစာများ ဆယ်ယူခြင်းတို့ကို ဆောင်ရွက်ကြရာ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(ဝ၄၁)

# မိုးစပါးစိုက်တောင်သူများသို့ ဓာတ်မြေဩဇာသွင်းအားစုများ သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချ

**ရေနံချောင်း စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ မြို့နယ်ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကော်မတီက မြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုများကို စက်တင်ဘာ ၁၆ ရက်က တောင်သူများ လက်ဝယ်အရောက် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက ရေနံချောင်းမြို့နယ်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းဖြင့် အကျုံးမဝင်သော ပင်းဝကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာမှ မိုးစပါးစိုက်တောင်သူ ၃၈ ဦးအတွက် စိုက်ပျိုးရာသီ အချိန်မီအသုံးပြုနိုင်ရေး၊ သီးနှံပေါ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးရန်အပြင် အဓိကလိုအပ်သော သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ မိုးစပါးစိုက်တောင်သူများအနေဖြင့် သတ်မှတ် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်ရေး ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ယူရီးယားဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ရေနံချောင်းမြို့နယ်အတွင်း မြို့နယ်ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူး ရောင်းချရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရေနံချောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် တာဝန်ရှိသူများက သီးနှံပေါ်ပေးစနစ်ဖြင့် သပြေပင်ကျေးရွာမှ မိုးစပါးစိုက် တောင်သူ ၃၈ ဦးထံ အရည်အသွေးပြည့်မီသော ယူရီးယားဓာတ်မြေဩဇာ အိတ် ၂၀၊ ကွန်ပေါင်းဓာတ်မြေဩဇာ အိတ် ၂၀တို့ကို ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)နေဘ်လူး



# တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိသော တိုင်ထောင်ခရမ်းချဉ်စိုက်ပျိုးသူများ အဆင်ပြေ

**နတ်မောက် စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် မိုးဦးကာလတွင် တစ်နိုင်တစ်ပိုင် တိုင်ထောင်ခရမ်းချဉ်ပင် စိုက်ပျိုးခြင်းဖြင့် မိသားစုစီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း စိုက်ပျိုးသူများက ပြောသည်။

တိုင်ထောင်ခရမ်းချဉ်များကို မိုးဦး၊ မိုးနှောင်းကာလများတွင် စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးရေးဆိုင်များမှ မျိုးစေ့ထုပ်များ ဝယ်ယူ၍ ပျိုးထောင်စိုက်ပျိုးကြကြောင်း၊ ပျိုးထောင်ရာတွင် ပလတ်စတစ်အိတ်ငယ်များဖြင့် ပျိုးထောင်သူများရှိသလို ကျင်းခတ်၍ ပျိုးထောင်သူများလည်းရှိကြောင်း၊ စားဖိုချောင်သုံးခရမ်းချဉ်သီးမျိုးများမှာ တိုင်ထောင်ခရမ်းချဉ်လို့ခေါ်သည့် ထိုင်ဝမ်သီး၊ ဗမာသီးအနေနဲ့ ခေါင်းစိမ်းသီး၊ ငွေကျပ်ပြားသီးဟု ရှိကြောင်း၊ လက်မှုလယ်ယာခေတ်များက ဗမာသီးများကို ဆောင်းရာသီ၌ ယင်းချောင်းများထဲတွင် စိုက်ပျိုးကြကြောင်း၊ စက်မှုလယ်ယာခေတ်သို့ ရောက်ရှိလာသည့်အခါ မြေအောက်ရေပေးသွင်းခြင်းဖြင့် ရာသီမရွေးစိုက်ပျိုးကြကြောင်း၊ လက်ရှိတွင် ဖွန်လ တတိယပတ်လောက်က စိုက်ပျိုးထားရှိသော တိုင်ထောင်ခရမ်းချဉ်များ ရင့်မှည့်၍ ခူးဆွတ်ရောင်းချရပြီဖြစ်ကြောင်း၊ စိုက်ပျိုးသည့်မြေပေါ်တွင်မူတည်၍ အလုံးအကြီး၊ အသေးကွာခြားကြောင်း၊ မိမိယာမြေပေါ်မှာ ပထမဆုံးစိုက်ပျိုးခြင်းကြောင့် အလုံးကြီးထွားကြောင်း၊ တိုင်ထောင်ခရမ်းချဉ်တစ်ပိသာကို ငွေကျပ် ၂၀၀၀ ရောင်းချရသောကြောင့် မိသားစုစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြောင်း စိုက်ပျိုးသူ မနွယ်က ပြောသည်။

အညာဒေသစိုက်ပျိုးရေးတောင်သူများသည် ရာသီမရွေး မြေအောက်ရေပေးသွင်းခြင်းဖြင့် ကြက်သွန်နီ၊ ခရမ်းချဉ်၊ ကြက်ဟင်းခါးသီး၊ ခရမ်းသီး၊ ဘူးသီး၊ ဖရုံသီး၊ ဖူးစားပြောင်း၊ ချဉ်ပေါင်၊ ကန်စွန်းရွက်၊ ဆလတ်၊ ပန်းဂေါ်ဖီ၊ မုန်လာဥဖြူများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း သိရသည်။

(ဝဲပုံ) မူမူစန်း

# ဒီဂျစ်တယ် အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် မဲခေါင်- လန်ချန်အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒီဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဆင်းပွဲကို ယမန်နေ့က ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မိုးလှိုင်က သင်တန်းနှင့်ပတ်သက်သည်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူများက ကျေးဇူးတင်စကားပြောကြားခဲ့သည်။



အဆိုပါသင်တန်းတွင် တက်ရောက်လာသော လုပ်ငန်းရှင်များအား ဒီဂျစ်တယ်နည်းပညာဆိုင်ရာ ဗဟုသုတများ၊ Online Registration သိကောင်းစရာများ၊ Cyber Security နှင့်ပတ်သက်သောအကြောင်းအရာများ၊ SSID e-commerce website ဝင်ရောက်အသုံးပြုပုံ၊ Food Safety နှင့် Online Sale မှတ်ပုံတင်ခြင်းအကြောင်းအရာ သင်ခန်းစာများကို သင်တန်းနည်းပြများက နံနက် ၉ နာရီခွဲမှ ညနေ ၄နာရီအထိ အသိပညာမျှဝေပို့ချနိုင်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

ခရိုင်(ပြန်/ဆက်)

*-*-*-*-*

*-*-*-*-*-*



သစ်တောသစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး။

## ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အခွန်ပညာပေးရှင်းလင်းဆွေးနွေး



**ပုဗ္ဗသီရိ စက်တင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ပုဗ္ဗသီရိမြို့နယ်ရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် အခွန်ပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဦးစွာ ပုဗ္ဗသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ကြည်က အဖွင့်အမှာစကားပြောကြားပြီး သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေက အခွန်နှင့်ပတ်သက်၍ သိရှိရမည့်ကိစ္စရပ်များနှင့် လိုက်နာဆောင်ရွက်ရမည့် ဥပဒေများ၊ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား ရှင်းလင်းဆွေးနွေးပြီး အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင် စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

* - * - * - * - * - *



## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

**မကွေး စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀နာရီခွဲက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်၊ မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးမှူး ဒေါ်လှငွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုမာက သင်တန်းကာလအတွင်းအသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများပေးအပ်သည်။

အဆိုပါသင်တန်းမှာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကာလတိုဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်နည်းပညာသင်တန်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတို့အား စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၄ရက်အထိ သင်တန်းကာလတစ်လကြာ စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းမှ ထူးချွန်သူ နှစ်ဦးအား ရွေးချယ်၍ အပ်ချုပ်စက် တစ်လုံးစီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)(၃၄၀)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) သင်တန်းဖွင့်ပွဲ ကျင်းပ



**ဟုမ္မလင်း စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်တက်ရောက်စေရန် ကျေးလက်နှင့် မြို့ပြ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဖွံ့ဖြိုးမှုကွာဟခြင်း ကျဉ်းမြောင်းစေရန်ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ဟုမ္မလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇွေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ **(ယာပုံ)**

အဆိုပါသင်တန်းသို့ ဟုမ္မလင်းမြို့နယ် ယက်ဖကျေးရွာ၊ မုန်ပင်ကျေးရွာ၊ မိုင်းတောင်းကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ခြောက်ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၆ ရက်မှ ၁၉ရက်အထိ ၄ ရက်ဖြစ်ပြီး သင်တန်းနည်းပြ ဆရာ၊ ဆရာမများက စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအကြောင်း အသိပညာပေးဟောပြော

**ပခုက္ကူ စက်တင်ဘာ ၁၇**

ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ စက်တင်ဘာ ၁၆ ရက် နံနက်စနာရီက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာဦးက ကလေးသူငယ်၏အဓိပ္ပာယ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေများ၊ ရှေးဦးအရွယ်ကလေးသူငယ်များ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များအကြောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က အလုပ်နေရာအများစု၌ တွေ့မြင်နေရသော ကလေးအလုပ်သမားများ၊ အလုပ်လုပ်ကိုင်နိုင်သော ကလေးအလုပ်သမား၏ အသက်အရွယ်၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ၊ ကလေးအလုပ်သမားများ လျော့နည်းပပျောက်ရေးဝိုင်းဝန်းဆောင်ရွက်ရမည့်နည်းလမ်းများအကြောင်းတို့ကို အသိပညာပေးဟောပြောကြသည်။

အဆိုပါ ဟောပြောပွဲတွင် ပခုက္ကူပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြပြီး ဟောပြောမှုအပေါ်သိရှိလိုသည်များ မေးမြန်းကြရာ ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၃၄၀)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**မချမ်းဘော စက်တင်ဘာ ၁၇**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နမ်းခမ်းကျေးရွာတွင် ယမန်နေ့ နံနက်ပိုင်းက ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိရေး၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားလာရေးအတွက် ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအား သုံးသပ်ဆွေးနွေးပွဲ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောသီဟက Exist Strateg မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နမ်းခမ်းကျေးရွာမှ ပြည်သူများအနေဖြင့် စီမံကိန်းအရ မိမိတို့ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများအပေါ် ပိုမိုစိတ်ဝင်စားပြီးလုပ်ငန်းများ ပိုမိုဆောင်ရွက်ခွင့်ရသည့်အတွက် ပိုမိုပူးပေါင်းပါဝင်လာကာ ကျေးရွာမှ ဘက်စုံဖွံ့ဖြိုးတိုးတက်လာကြောင်း



စသည့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် နမ်းခမ်းကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကော်မတီဝင်များက မိမိတို့ကျေးရွာ၏ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို အသီးသီး ဆွေးနွေးကြရာ မချမ်းဘောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လုပ်ငန်းများအောင်မြင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

## စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၆၂၅ ဖြင့် ရောင်းချပေး

**ကျောက်ဆည် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ပြည်သူများ အခြေခံစားသောက်ကုန်များ ဝယ်ယူသုံးစွဲရာ၌ အထောက်အကူပြုစေရန်အတွက် အပတ်စဉ် စားအုန်းဆီများကို ဌာနဆိုင်ရာများ၊ စက်ရုံအလုပ်ရုံများ၊ ရပ်ကွက်၊ ကျေးရွာများတွင် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်၊ စိုင်ပင်သာကျေးရွာတွင် စားအုန်းဆီများ ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာ၌ ပြည်သူများစားသုံးဆီဝယ်ယူရာ၌ အခက်အခဲမရှိစေရေးအတွက် ဆီဝယ်ယူခွင့်စာအုပ် တစ်အုပ်လျှင် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် အိမ်ထောင်စု ၅၅ စုအတွက် ဆီပိဿာ ၁၁၀ အား တစ်ပိဿာလျှင် ငွေကျပ် ၇၆၂၅ ဖြင့် ဦးနန်းဦး(နဒီရော)စားသုံးဆီ လက်လီလက်ကားအရောင်းဆိုင်မှ ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၄၈၅)**

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်



## ပဲပုပ်အစားထိုးအဖြစ် ပဲစင်းငုံကို တိရစ္ဆာန်အစာအဖြစ် ဝယ်ယူမှုများလာ

သွင်းကုန် ပဲပုပ်အစားထိုးအဖြစ် ပို့ကုန်ပဲစင်းငုံကို တိရစ္ဆာန်အစာအဖြစ် ဝယ်ယူမှုများလာကြောင်းပဲကုန်သည်များထံမှ သိရသည်။

လက်ရှိအချိန်တွင် ပြည်တွင်း ဒေါ်လာဈေးကျဆင်းမှုနှင့်အတူ ပို့ကုန်ပဲများ ဈေးအနည်းငယ်ကျဆင်းမှုရှိသလို ပြည်တွင်းသုံး ကုလားပဲများလည်း လိုက်ပါကျဆင်းနေကြောင်း၊ ထိုသို့ ဈေးကျဆင်းမှုကြောင့် ပို့ကုန်ပဲစင်းငုံကို သွင်းကုန်ပဲပုပ်အစား တိရစ္ဆာန်အစာအဖြစ် လက်ရှိအချိန်တွင် အဝယ်သွက်နေကြောင်း၊ အလားတူ ပဲဖတ်ဈေးကောင်းလာတာကြောင့် မြေပဲဆီဆန်၊ မြေပဲလုံးဆန်ဈေးများ မြင့်တက်လာကြောင်း ပဲ၊ နှမ်း ကုန်သည် ဦးကျော်သွင်က ပြောသည်။

“ ပြည်တွင်းသုံး ကုလားပဲတွေကတော့ အတက်အကျ အနည်းငယ်ပဲရှိပါတယ်။ မြေပဲဆန်ဈေးကတော့ ပဲဖတ်ဈေး တစ်ပိဿာ ငွေကျပ် ၆၀၀၀ နီးပါးဖြစ်လာတော့ မြေပဲဆန်တွေ ဈေးကောင်းလာတယ်။ ပဲပုပ်ဈေးတက်တော့ ပဲဖတ်လည်း လိုက်ပါဈေးတက်လာတာပါ။ ဒေါ်လာဈေးကျပေမယ့် နှမ်းနက်ဈေးကတော့ ဆက်ကောင်းနေပါတယ်။ ကျွန်းစားတော်ပဲကတော့ မျိုးစိုက်ပျိုးရန် အဝယ်ရှိလာတော့ ဈေးတက်လာပါ။ ပုံမှန်ကျွန်းစားတော်ပဲကတော့ တစ်အိတ်ခြောက်သိန်း ကျော်ပဲရှိပါတယ်။ ပဲစင်းငုံက တစ်အိတ် ၂၃၅၀၀၀ ပေါက်ဈေး က ပဲယင်းဈေးအောက် ရောက်နေတော့ တိရစ္ဆာန်အစာလုပ်လို့ရပါတယ်။ အခုက က ဈေးကျဆင်းတော့ တိရစ္ဆာန်အစာအဖြစ် အဝယ်ကောင်းလာတာပါ ”ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၁၆ ရက်တွင် ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၃၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀ အထိ ပေါက်ဈေးရှိနေသည်။ ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ အနည်းငယ်အတက်အကျရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၃၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ၉၂၉ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၃၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများမှာ စက်တင်ဘာ ၁၆ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ ကျွန်းစားတော်ပဲ(မျိုး) တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၂၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ စက်တင်ဘာ ၁၆ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၃၅၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

မန္တလေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်းပေါက်ဈေးများမှာ ပစ္စည်းအရည်အသွေးနှင့် ဝယ်လိုအား၊ ရောင်းလိုအား ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲများဖြစ်နိုင်သလို ဈေးအတက်အကျကိုလည်း ကုန်သည်ပွဲစားများမှ ထိန်းသိမ်းကာ သတင်းထုတ်ပြန်မှုများကြောင့် နေ့စဉ်ပေါက်ဈေးများမှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

**ရွှေမန်း**



## ပြည်ပနိုင်ငံများသို့ ခြောက်လအတွင်း တစ်လလျှင် ဆန်တန်ချိန် သုံးသိန်းကျော် တင်ပို့နိုင်ရန် လုပ်ဆောင်လျက်ရှိ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၅ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ခုနှစ် မတ်လအထိ ခြောက်လကာလအတွင်း တစ်လလျှင် ဆန်တန်ချိန် သုံးသိန်း တင်ပို့နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအသင်းချုပ်က သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအထိ တစ်လလျှင် ဆန်တန်ချိန် နှစ်သိန်းတင်ပို့နေပြီး အောက်တိုဘာလမှစတင်ကာ ဆန်တန်ချိန် သုံးသိန်း တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသည်။

လက်ရှိဈေးကွက်အတွင်းတွင် မိုးစပါးများ ကောက်စောစပါးမျိုးများမှာ အနည်းငယ်ထွက်ပေါ်လာနေပြီး ဈေးနှုန်းမှာ ကျဆင်းလျက်ရှိကြောင်း၊ ထို့အတွက် စပါးစိုက်တောင်သူများအနေဖြင့် ဈေးနှုန်းဆက်လက်ကျဆင်းမည်ကို စိုးရိမ်လျက်ရှိကြကြောင်း၊ နိုင်ငံတကာဆန်ဈေးနှုန်းများ ကျဆင်းခြင်းကြောင့် ယခုကဲ့သို့ ဈေးနှုန်းများ အေးနေခြင်းဖြစ်ပြီး နိုင်ငံတကာဈေးနှုန်းမှာ ယခုဈေးနှုန်းထက် ထပ်မံကျဆင်းနိုင်ရန် မလွယ်ကူကြောင်း နိုင်ငံတကာဆန်ဈေးကွက်ကျွမ်းကျင်သူများထံမှ သိရသည်။

ထို့ပြင် ဆန်တင်ပို့နေသည့် ကုမ္ပဏီကြီးများအနေဖြင့် သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဆန်စက်ပိုင်ရှင်များ၊ နယ်ကုန်သည်များနှင့် ချိတ်ဆက်ကာ တောင်သူများထံမှ ဆန်၊ စပါးများကို ယခုထက် ပိုမိုဝယ်ယူပေးကြရန် အသင်းချုပ်အနေဖြင့် တိုက်တွန်းထားကြောင်း၊ ဝယ်ယူမှုအခြေအနေ၊ ဝယ်ယူပြီးစီးမှုအခြေအနေ၊ သယ်ယူပို့ဆောင်မှု၊ ဆန်ကြိတ်ခွဲမှု၊ ပြည်ပတင်ပို့မှုကိစ္စရပ်များနှင့်ပတ်သက်၍ အခက်အခဲများဖြစ်ပေါ်ခဲ့လျှင် အသင်းချုပ်ထံသို့ အချိန်နှင့် တစ်ပြေးညီ ချိတ်ဆက်တင်ပြပေးရန် အသင်းချုပ်က သတင်းထုတ်ပြန်ထားသည်။

လက်ရှိ မြန်မာနိုင်ငံအတွင်းမှ ထွက်ရှိသော ဆန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နိုင်ငံများထံသို့ ပိုမိုတင်ပို့နိုင်ရန်အတွက် အသင်းချုပ်အနေဖြင့် လုပ်ဆောင်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

## မြေလွတ်မြေရိုင်းများကို စပျစ်ခြံစိုက်ပျိုးမည့် လုပ်ငန်းရှင်များအား ချထားပေးမည်

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြေလွတ်၊ မြေရိုင်းများ၌ စပျစ်စိုက်ပျိုးခြံ တည်ထောင်လိုသည့် လုပ်ငန်းရှင်များကို ချထားပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲမှ သိရသည်။

အဆိုပါ ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စပျစ်စိုက်ပျိုးရရှိနိုင်သည့် မြေလွတ် မြေရိုင်းများကို ဖော်ထုတ်ပြီး စပျစ်စိုက်တောင်သူများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအတွက် စိုက်ပျိုးမြေများ ချထားပေးသွားဖြစ်ကြောင်း ပြောကြားထားသည်။

ထို့ပြင် စိုက်ပျိုးနည်း အမျိုးအစား၊ စိုက်ပျိုးနည်းစနစ်များကိုလည်း မျှဝေသွားမည်ဖြစ်ကြောင်း၊ စပျစ်ကို အဓိကအားဖြင့် တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့နိုင်ရန် ရည်ရွယ်ကာ စိုက်ပျိုးတောင်သူ၊ လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များကို နည်းပညာပေးခြင်းနှင့် မျိုးကောင်းမျိုးသန့်များကို ဖြန့်ဝေဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စိုက်ပျိုးလိုသည့် တောင်သူ၊ လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များအနေဖြင့် မိမိနေထိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ပတ်ဝန်းကျင်ရှိ မြေလွတ်၊ မြေရိုင်းများ တွေ့ရှိပါက စပျစ်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ လျှောက်ထားနိုင်သလို မိမိပိုင်မြေဖြစ်ပါကလည်း မျိုးကောင်းမျိုးသန့်စိုက်ပျိုးမှုနည်းပညာများကို ပူးပေါင်းဆောင်ရွက်ဖြန့်ဝေပေးသွားမည်ဖြစ်သည်။



နိုင်ငံအတွင်း စပျစ်စိုက်ပျိုးခြင်းကို အသီးစားသုံးမှုအတွက် စိုက်ပျိုးခြင်းသာမက တန်ဖိုးမြင့်ထုတ်ကုန် စပျစ်ဝိုင်အဖြစ်ပါ ထုတ်လုပ်လာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ စပျစ်ကို ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ရေနံချောင်း၊ ရမည်းသင်း၊ ပျော်ဘွယ်စသည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မြို့နယ်များ၌ စိုက်ပျိုးကြောင်း သိရသည်။

စပျစ်သီး၏ မူရင်းဒေသမှာ အာရှနှင့် အာရှမိုင်းနားဒေသဖြစ်ပြီး မြန်မာအမည်မှာ စပျစ်၊ အင်္ဂလိပ်အမည်မှာ Grape ဖြစ်သည်။

စပျစ်မျိုးများကို မျိုးခွဲရာတွင် အသီးပုံသဏ္ဌာန်ကိုလိုက်၍လည်းကောင်း၊ ဒေသပေါ်မူတည်၍လည်းကောင်း၊ လူတို့အသုံးပြုမှုပေါ် မူတည်၍လည်းကောင်း အမျိုးမျိုးခွဲခြားကြသည်။

အသီးပုံသဏ္ဌာန်ပေါ် မူတည်ပြီး နှစ်မျိုးခွဲခြားထားရာ (၁)သီးချွန်နှင့် (၂) သီးဝိုင်း ဟူ၍ ဖြစ်သည်။ ဒေသပေါ်မူတည်ပြီး နှစ်မျိုးခွဲခြားထားရာ ပြည်တွင်းမျိုးမှာ ရွှေနီစပျစ်၊ ပြည်ပမျိုးမှာ အီတလီသီးချွန်တို့ ဖြစ်သည်။

တောင်ကြီးမြို့၊ အေးသာယာစက်မှုဇုန်တွင် ထုတ်လုပ်သည့် ပြည်တွင်းထုတ်စပျစ်ဝိုင်မှာ ပြည်တွင်းသာမက ပြည်ပဈေးကွက်အထိ တန်းဝင်ကြောင်း သိရသည်။

**အောင်မြင့်မြတ်**

**(စိုက်ပျိုးရေးသတင်းထောက်)**

# စာအုပ်ခင်းကဏ္ဍ

ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - အမေ့ကျေးဇူးဂုဏ်တွေထူး |
| စာရေးသူ | - အောင်တင်ဝင်း(ငွါ့သရောက်) |
| ထုတ်ဝေသည့်စာပေတိုက် | - သစ္စာရောင်ခြည်စာပေ |
| တန်ဖိုး | - ၁၅၀၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယအကြိမ်) |
| မျက်နှာဖုံးပန်းချီ | - နေကမ္ဘာစိုး |
| စာမျက်နှာ | - ၁၈၀ မျက်နှာ |




သစ္စာရောင်ခြည် စာပေတိုက်၏ (၁၀)နှစ်ပြည့် အမှတ်တရ ထုတ်ဝေခြင်းဖြစ်ပြီး ပထမအကြိမ် ထုတ်ဝေခြင်းကို ၂၀၀၉ ခုနှစ်တွင် ပန်မျိုးတစ်ရာစာပေမှ ထွက်ရှိခဲ့သည်။

စာအုပ်တွင် ဆရာ ချစ်စံဝင်း၏ အမှာစာ၊ စာရေးသူ၏ ကျေးဇူးစကား၊ ဒုတိယအကြိမ် ထုတ်ဝေခြင်းနှင့် ပတ်သက်၍ စာရေးသူ၏ တင်ပြလွှာ၊ ဒုတိယ အကြိမ် ထုတ်ဝေသူ၏အမှာစာများနှင့်အတူ မာတာမိခင်၏ မေတ္တာတရားကျေးဇူးများကို ရေးဖွဲ့ထားသည့် ဆောင်းပါး ၂၂ ပုဒ်၊ မိခင်မေတ္တာဂုဏ်ဖြာဖြာ(ကဗျာရှည်) တစ်ပုဒ်နှင့် မိဘများကို ပြုစုလုပ်ကျွေးသော သား၊ သမီးများ လက်တွေ့ခံစားရသော အကျိုးတရား ဆယ့်နှစ်ပါးတို့ကို ဖတ်ရှုရမည် ဖြစ်သည်။

ဆရာသည် အမေ့မေတ္တာနှင့် ပတ်သက်၍ နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေလေ့လာတင်ပြပြီး မန္တလေးသူ၊ မန္တလေးသားတို့၏ အမေ့မေတ္တာနှင့် ပတ်သက်၍ ဆောင်ရွက်မှုများကိုလည်း ဖော်ပြထားပါ၏။ ဆရာဦးသုခ၏ အမေ့မေတ္တာနှင့် ပတ်သက်၍ ရေးသားမှုများ၊ ဆောင်ရွက်မှုများကို မျှဝေခံစားဖော်ပြထားပါသည်။

**(ဆရာချစ်စံဝင်း၏အမှာစာမှ)**


မန္တလေးစာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - ခံစားချက်များအကြောင်း |
| စာရေးသူ | - ဒေါက်တာခင် |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၈၅၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ |
| မျက်နှာဖုံးဒီဇိုင်းပန်းချီ | - Mar Ferrero |
| စာမျက်နှာ | - ၃၃ မျက်နှာ |

မဂ္ဂဇင်းဆိုဒ်အရွယ်အစားဖြစ်ပြီး ရုပ်ပုံကားချပ်များဖြင့် ထွက်ရှိလာသော စာအုပ်ဖြစ်သည်။ All About Feelings စာအုပ်ကို မြန်မာပြန်ဆိုထားပြီး ကလေးများအတွက် စိတ်ခံစားချက်ဆိုသည်ကို သိမြင်နားလည်အောင် ရှင်းလင်းထားသော ကလေးပညာပေး စာအုပ်ဖြစ်သည်။

စာအုပ်တွင် လူတိုင်းမှာ ခံစားချက်တွေရှိကြတယ်။ ခန္ဓာကိုယ်ကပေးတဲ့ သတင်းစကားနဲ့ သဲလွန်စများ၊ ဒါဆိုရင် သင်ရော ဘယ်လိုခံစားနေရပါသလဲ။ ဘာကြောင့် … ဘာကြောင့် … ဘာကြောင့်လဲ ?၊ သင် ဘယ်လိုခံစားရမလဲ၊ ပြောင်းလဲနေသော ခံစားချက်များ၊ ရောထွေးနေသော ခံစားချက်များ၊ ခံစားချက်များ အကြောင်းကို ထုတ်ဖော်ပြောဆိုခြင်း၊ အချိန်ခဏယူပါ။ စိုးရိမ်သောကရောက်နေပါသလား။ ရွေးချယ်မှုများ ပြုလုပ်ခြင်း၊ မိသားစုနှင့်သူငယ်ချင်းများကို ကူညီပေးခြင်း၊ မိမိကိုယ်ကို စာနာညှာတာပေးခြင်း၊ လူကြီးများအတွက် အကြံပြုချက်အချို့၊ အိမ်မှာ လုပ်ဆောင်ကြည့်နိုင်သော အရာများ ပါရှိသည်။

သားငယ်၊သမီးငယ်ရှိသော မိဘများအနေဖြင့် သား၊သမီးများ၏ စိတ်ခံစားမှုကို နားလည်သဘောပေါက်စေရန်အတွက် လက်စွဲဖတ်ရှုရမည့် စာအုပ်ဖြစ်ရာ စိတ်ကူးချိုချို(မန္တလေး) စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူ အားပေးဖတ်ရှုနိုင်သည်။






## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တမူး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာမာဝင်းက လူငယ်များအနေဖြင့် ပညာသင်အရွယ်မှစပြီး မိမိဝါသနာ၊ ဗီဇစရိုက်နဲ့ ကိုက်ညီတဲ့ ရည်မှန်းချက်ရှိရမှာဖြစ်ကြောင်း၊ အဲ့ဒီရည်မှန်းချက်များကိုလည်း ဆန္ဒအဓိပတိထားပြီး ကြိုးစားရမှာဖြစ်ကြောင်း၊ မျိုးဆက်သစ်တို့ တိုးတက်ကြဖို့အတွက် အခုလိုအရွယ်ကစပြီး ဗလငါးတန်ပြည့်စုံအောင်၊ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးတတ်အောင်၊ တန်ဖိုးထားတတ်အောင် အသိပညာ၊ အတတ်ပညာတွေကို လေ့လာဆည်းပူးကြစေလိုကြောင်း၊ ဒါမှသာ နောင်တစ်ချိန်မှာ အနာဂတ်နိုင်ငံတော်ကြီးကို လက်ဆင့်ကမ်းပြီး နိုင်ငံနှင့် လူမျိုးအကျိုးအတွက် သယ်ပိုးထမ်းရွက်သွားနိုင်မှာဖြစ်ကြောင်း ဟောပြောခဲ့သည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ကျောင်းသူများ၊ ဆရာ၊ ဆရာမများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြပြီး ပြည်သူ့စာကြည့်တိုက်ရှိ စာအုပ်များကို ဖတ်ရှုလေ့လာခြင်း၊ အသင်းဝင်ကတ်များ ပြုလုပ်၍ စာအုပ်များငှားရမ်းခြင်းများကို ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*



**စာပေမြင့်မှ**
**လူမျိုးတင့်မည် ။**

## ဖတ်စရာ၊ မှတ်စရာ စုံလင် ပန္နက်တွေ

## လောကဓံအကြောင်းအကျိုးရှုန်းထတိုး

* လူ့ဘုံလောက ခန္ဓာရ၍
သတ္တဝါမည် သဏ္ဌာန်တည်သော်
စိတ်ကြည်ဖွေးသန့် မေတ္တာဖြန့်လို့
မွေးပုံ့လွှမ်းဆင် ပန်းအသွင်လို
မှန်ပင်လူဖြစ် ကောင်းမှုနှစ်လျက်
မှန်စစ်သဒ္ဓါ မျှဝေစွာဖြင့်
ချိန်ခါသက်လုံး ရှင်အဆုံးထိ
ချစ်ထုံးပေးဝေ လျှောက်လှမ်းစေ ။

* ခဏခရီး လောကကြီးမယ်
မငြီးငွေ့ရာ ဉာဏ်ယှဉ်ဖြာလို့
သူ၊ ငါ အများ တန်းတူလွှား၍
သိအားစွမ်းအင် မွန်းသ ထွင်ကာ
မြော်မြင်သိမှတ် လူဖြစ်မြတ်ဖို့
စိတ်ဓာတ်မြဲခိုင် တည်မဏ္ဍိုင်ကို
မယိုင်စေရေး ကောင်းရာတွေးလျက်
ဝင့်ကြွေးရောင်စေ လျှောက်ကြလေ ။

* သတ္တလောက အနန္တအား
အေးမြသဒ္ဓါ ပေးဝေကာဖြင့်
ကြည်သာရွှင်လန်း နိဗ္ဗာန်နန်းသို့
မပန်းမျှော်ရည် အေးရိပ်တည်သော်
နောင်မည်ကောင်းမြတ် ဒုက္ခပြတ်ပေ
သိမှတ်အမှန် အမှောင့်ရန်မှ
ကြံပြန်ကောင်းဆိုး ရှန်းထတိုးလို့
ကြောင်းကျိုးမျှဝေ လူဖြစ်စေ ။

* ထုထည်မီးဖုတ် သံချေးထုတ်ကာ
ရိုက်ပုတ်ပြုပြင် ဓားကောင်းသွင်သို့
ဉာဏ်ရွှင်ထုလေ့ တတ်သိပွေ့သော်
တည်လေ့ခန္ဓာ သံသရာမယ်
ချမ်းသာကြွင်နှန်း ဂုဏ်တင့်ဆန်းလို့
ထက်နန်းစံပျော် လူလို့ခေါ်မည်
မှန်းမျှော်တွေးဆ ကျင့်ကြံကြ၍
ဘဝလှစေ များမိတ်ဆွေ ။ ။

မင်းမြတ်မိုး(မန်းမြေ)




## အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းပွဲ ကျင်းပ

**အောင်လံ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ဓမ္မစကြာရွတ်ဖတ်ပူဇော် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့က ခရိုင်စုပေါင်းရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေ ဝင်းက အဖွင့်အမှာစကား ပြော ကြားခဲ့ပြီး ဓမ္မစကြာရွတ်ဖတ် ပူဇော်ပြိုင်ပွဲတွင် မြို့ပေါ်ရပ်ကွက် ဝတ်ရွတ်အသင်းများနှင့် ဌာန ဆိုင်ရာ ဝတ်ရွတ်အသင်းများအား ပထမဆု၊ ဒုတိယဆု၊ တတိယ ဆုနှင့် ဘုရားပင့်၊ နတ်ပင့်၊ နတ်ပို့၊ နှစ်သိမ့်ဆုများကို ဆုရရှိသည့် ပြိုင်ပွဲဝင် ဝတ်ရွတ်အသင်းများ အား သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေး အပ်ချီးမြှင့်ခဲ့ပြီး ဝတ်ရွတ်အသင်း များက မေတ္တာသုတ်နှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရ သည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

## မန္တလေးချမ်းသာကြီးဆန်လှူအသင်း (၄၇)ကြိမ်မြောက် သက်တော်ရှည်ဆရာတော်ကြီးများ ပူဇော်ပွဲကျင်းပ၊ လှူဖွယ်ပစ္စည်းများ လောင်းလှူ



**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ သီရိမာလာအနောက်၊ မန္တလေးချမ်းသာကြီးဆန်လှူ အသင်း၏(၄၇)ကြိမ်မြောက် ဆရာ တော်ကြီးများထံမှ ဩဝါဒခံယူပွဲ နှင့် သက်တော်ရှည်ဆရာတော် ကြီးများ ပူဇော်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

(၄၇)ကြိမ်မြောက် ဂုဏာဝယဝုဒ္ဓိ ပူဇာ သက်တော်ရှည်ဆရာတော်ကြီး များပူဇော်ပွဲတွင် သက်တော်(၈၀) ကျော်၊ သိက္ခာတော်(၆၀)ကျော်ရှိ ဆရာတော်ကြီး ၁၅၇ ပါး၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက ၃၇ ပါးနှင့် အသင်းဓမ္မကထိက ၁၂ ပါး၊ စုစုပေါင်း ၂၀၆ ပါးတို့က အပူဇော်ခံပြီး အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါ စရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိ ဓဇမဟာရဋ္ဌဂုရု၊ မိုးကောင်းတိုက် ဇယျဝတီကျောင်းဆရာတော်ကြီး ဘဒ္ဒန္တသုဇာနာဘိဝံသထံမှ ရှစ်ပါး သီလခံယူပြီး ဆရာတော်ကြီးများ ရွတ်ပွားတော်မူသော ပရိတ် ဒေသနာတော်ကို ရိုသေစွာ နာယူ ကြသည်။

ဆက်လက်၍ သက်တော်ရှည် အဂ္ဂမဟာပဏ္ဍိတ အဝေရာရာမ ရန်ကင်းကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တဩဒါတသီရိဘိဝံသက ဩ ဝါဒကထာ မိန့်ကြားသည်။ ထို့ နောက် မန္တလေးချမ်းသာကြီး ဆန် လှူအသင်းအမှုဆောင်အဖွဲ့နှင့် ပင်မ အလှူရှင်များက ဆရာတော်ကြီး များအား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံ တော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဘဒ္ဒန္တဝါသေဋ္ဌာ ဘိဝံသဆရာတော်ကြီးထံမှ ရေစက် ချ အနုမောဒနာတရား နာယူကြ သည်။

အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆို၍ ဆရာတော်ကြီးများအား အစီအစဉ် အတိုင်း ပင့်ဆောင်၍ စေတနာ အလှူရှင်များနှင့် ရပ်မိရပ်ဖများက လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

## ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၇**

ချမ်းအေးသာစံမြို့နယ် မြို့နယ်စာရေးဆရာအသင်းမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနထံသို့ စာအုပ်လှူဒါန်း ပွဲကို ချမ်းအေးသာစံမြို့နယ် Community Center ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့ သည်။



ရှေးဦးစွာ ချမ်းအေးသာစံ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး မြို့နယ် စာရေးဆရာအသင်းမှ အတွင်း ရေးမှူး ဆရာ ဦးစိုင်းအောင်မိန်း (မိုတိုင်း)က စာအုပ်လှူဒါန်းရခြင်း ၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ချမ်းအေးသာစံ မြို့နယ် စာရေးဆရာအသင်းမှ သုတ၊ရသစာအုပ်များကို ပေးအပ် လှူဒါန်း၍ ဦးစီးအရာရှိက လက်ခံ ရယူခဲ့၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

စာအုပ်လှူဒါန်းပွဲ အခမ်း အနားသို့ စာရေးဆရာများဖြစ် သော ဦးကိုကိုကြီး(မောင်ပြည်သူ၊ မန္တလေး)၊ ဦးကျော်စိုးဦး (ဥုး၊ မန္တလေး)၊ ဦးထွန်းမြင့်(အိုးဝေ၊ မြေနီကျင်း)၊ ဦးခင်မောင်သန်း (ခင်မောင်သန်း၊ ဒဿနပညာ)၊ ဦးသန်းစိုး(သန်းစိုးအောင်)၊ ဦးမြေ အောင်(စောနန်းမြေအောင်၊ ပုသိမ်ကြီးမြို့နယ် စာရေးဆရာ အသင်း ဒုတိယဥက္ကဋ္ဌ)၊ ဦးစိုင်း အောင်မိန်း(မိုတိုင်း)၊ ဦးကြည် ဝင်း(ဝင်းသီဂီနွယ်)၊ ဦးစိုးဝင်း (စိုးဝင်း၊ ဆက်သွယ်ရေး)၊ ဦးသန်း တင်(မန်းမြေမှပန်းသပြေ)၊ စာရေး ဆရာ ဟာမိုနီ၊ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ စာဖတ်ဝါသနာ ရှင်များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ လှူဒါန်းပွဲသို့ တက်ရောက်လာကြသော စာရေး ဆရာများက စာအုပ်၊ စာပေ အကြောင်းအရာများနှင့် ဖြတ် သန်းခဲ့ကြရသော အတွေ့အကြုံ အမှတ်တရအကြောင်းအရာများ ကို နှီးနှောဖလှယ် ဆွေးနွေးခဲ့ ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ချမ်းမြေ့မောင်(ချမ်း/စံ)

၀-၀-၀-၀-၀



## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**သရက် စက်တင်ဘာ ၁၇**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် စုပေါင်းသွေးလှူဒါန်း ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီက မကွေးတိုင်း ဒေသကြီး၊ သရက်မြို့ ခရိုင် ပြည်သူ့ဆေးရုံကြီး အစည်းအဝေး ခန်းမ၌ ပြုလုပ်ရာ သရက်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး တင်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စန်းဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ ဝင်များနှင့် မိသားစုဝင်ရဲမေများ က စုပေါင်းသွေးလှူဒါန်းခဲ့ကြ သည်။

ထို့နောက် သရက်ခရိုင် ရဲတပ် ဖွဲ့မှူး ယာယီ ဒုတိယရဲမှူး ကြီး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး၊ ခရိုင်ပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာအုပ်စိုးလင်းတို့က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးကြပြီး သွေးလှူရှင်များအတွက် အာဟာရ ဖြည့် စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဇော်ထက်(သရက်)

## သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်

**အောင်လံ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်းရှိ အသက် (၈၅)နှစ်နှင့်အထက် သက်ကြီးဘိုး ဘွားများအား ယမန်နေ့ နံနက် ၉ နာရီခွဲ မှစတင်၍ မြန်မာ့စီးပွား ရေးဘဏ်တွင် ထောက်ပံ့ငွေများ ထုတ်ပေးခဲ့သည်။

ထို့သို့ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် အောင်လံမြို့နယ် အတွင်းရှိ အသက်(၈၅)နှစ်နှင့် အထက်ပင်စင် ထောက်ပံ့ငွေကျပ် သုံးသောင်း သုံးဦး၊ ငွေကျပ် ခြောက်သောင်း ၇၃ ဦး၊ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၄၇၀၀၀၀ ကို လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တိုးတိုးသန်းက ကြီးကြပ်၍ မြန်မာ့စီးပွားရေး ဘဏ်တွင် ထုတ်ပေးခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေများ ကို အောင်လံမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွား(၇၆)ဦးအား ပေးအပ်ခဲ့ပြီး ကျန်ရှိနေသော ရပ်ကွက်၊ကျေးရွာများရှိ သက် ကြီးဘိုးဘွားများကို သတ်မှတ်ရက် များအလိုက် ဆက်လက်ပေးအပ် သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

အာကာ(ပြန်/ဆက်)

၀-၀-၀-၀-၀



သင့် သွေးဖြင့်
အသက်
ကယ်ပါ။

# လျှင်ဒဏ်နှင့် အထပ်မြင့်အဆောက်အအုံများ ပျက်စီးမှု

**၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က မန္တလေးမြို့အနီးကို ဗဟိုပြု၍ ပြင်းထန်တဲ့ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ရာ စက်တင်ဘာ ၁၀ရက်အထိ နောက်ဆက်တွဲ ငလျင်လှုပ်ခတ်ခဲ့တဲ့ အကြိမ်ပေါင်း(၂၂၃)ကြိမ်ရှိခဲ့ပါပြီ။ အများအားဖြင့် အထက်အောက် လှုပ်ရှားမှုတွေကို တွေ့ရပြီး ဘေးတိုက်လျင် လှုပ်ရှားမှုက အတော်နည်းပါတယ်။ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုတွေနဲ့အတူ လူမှုဘဝပတ်ဝန်းကျင်ကို ထိခိုက်ခဲ့ရတယ်။ နောက်ဆက်တွဲ ငလျင်တွေ မကြာခဏလှုပ်ခတ်မှုကြောင့် စိုးရိမ်မှုတွေခံစားနေကြရပြီး ငလျင်လှုပ်ပြီဆိုတာနဲ့ အဆောက်အအုံတွေရဲ့ အပြင်ဘက်ကို ထွက်ပြေးကြနဲ့ စိုးရွံ့မှုတွေရှိနေကြရတယ်။**



### ငလျင်နှင့် တော်လည်းသံ

ငလျင်လှုပ်ခတ်ချိန်မှာ 'တော်လည်းသံ' ကြားကြရတယ်။ တော်လည်းသံဆိုတဲ့ အသံက ရထားတစ်စင်းအဝေးမှ အနီးသို့ ပြေးလာသလို၊ လေပြင်း တစ်ချက်ဝှေ့ရမ်းလာသလို အသံမျိုးလို့ ပြောရမယ်။ တချို့ကတော့ ငလျင်မလှုပ်မီ အဲ့ဒီအသံကို ကြားကြရတယ်လို့ဆိုကြတယ်။ တကယ်တော့ မူလအသံဟာ မူလငလျင်လှိုင်းမှ ဖြစ်ပေါ်လာတာပါ။ အသံကြားရချိန်မှာ ငလျင်ရဲ့ ပထမလှိုင်း(မူလလှိုင်း)ဟာ ဖြတ်သန်းသွားခဲ့ပြီဖြစ်ပါတယ်။

ငလျင်လှိုင်းတွေကို မူလလှိုင်း(Primary Wave)နဲ့ နောက်တစ်ဆင့်လှိုင်း( Secondary Wave) ဆိုပြီး ခွဲခြားနိုင်ပါတယ်။ မူလလှိုင်းတွေဟာ ငလျင်လှုပ်ခတ်ပြီးတာနဲ့ ထွက်ပေါ်လာတဲ့ လှိုင်းတွေဖြစ်ပြီး အစိုင်အခဲ၊ အရည်၊ ကြားခံနယ်အားလုံးကို လျင်မြန်စွာဖြစ်ကျော်နိုင်ခြင်းနဲ့အတူ တော်လည်းသံလည်း ပါလာတတ်ပါတယ်။နောက်တစ်ဆင့်လှိုင်းဆိုတာက ပထမလှိုင်းဖြတ်ပြီးနောက်မှာ သိမ့်ခနဲ့၊ ငြိမ့်ခနဲ(သို့မဟုတ်)ခပ်ပြင်းပြင်း လှုပ်တဲ့ ငလျင်ဖြစ်ပါတယ်။ ပျက်စီးမှုဖြစ်ပေါ်စေတဲ့ လှိုင်းဖြစ်သလို ပြင်းထန်ပြီး တော်လည်းသံကို ကြားရတတ်ပါတယ်။

ရူပဗေဒသဘောတရားအရ အသံဆိုတာက အရာဝတ္ထုများ တုန်ခါမှုကြောင့် ကြားရတာဖြစ်လို့ တော်လည်းသံတွေဟာ ကြိမ်နှုန်းမြင့်တဲ့ ငလျင်လှိုင်းများကြောင့်(တစ်နည်းအားဖြင့်)မြေကြီးတုန်ခါခြင်းကြောင့် ပေါ်ထွက်လာတဲ့အသံများဖြစ်ပါတယ်။ စောက်တိမ်ငလျင်တွေမှာ တော်လည်းသံက ပိုပြီးကြားရနိုင်ခြေရှိတယ်လို့ ဆိုပါတယ်။

### အဆောက်အအုံပျက်စီးမှု

ငလျင်ဆိုတာကလည်း ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ လှုပ်မယ်ဆိုတာ ဒီနေ့အထိ တိတိပပ မခန့်မှန်းနိုင်သေးတော့ ငလျင်ဖြစ်ချိန် ငလျင်လှုပ်နေစဉ် ငလျင်လှုပ်အပြီးမှာ ဆောင်ရန်၊ ရှောင်ရန်တွေကို သိရှိထားကြဖို့၊ လိုက်နာကြဖို့လိုပါတယ်။ အထပ်မြင့်လေ ငလျင်ကြောင့် ပြိုကျမယ်လို့ ယူဆနေသူတွေ အများအပြားရှိတယ်။ ဒီထင်မြင်ချက်က ရာနှုန်းပြည့်မမှန်နိုင်သလို ငလျင်ဒဏ်ခံနိုင်အောင် ဆောက်လုပ်ထားရင် အထပ်၂၀ မြင့်ပါစေ ပြိုကျမသွားနိုင်ဘူးလို့ သိရပါတယ်။ ပညာရှင်တွေနဲ့ တွေ့ဆုံမေးမြန်းပြီး လေ့လာထားသမျှကို အခြေခံပြောရခြင်း ဖြစ်ပါတယ်။

ဂျပန်နိုင်ငံဟာ ငလျင်မကြာခဏလှုပ်တဲ့ နိုင်ငံပါ။ သူတို့ဆီမှာ အထပ်မြင့်အဆောက်အအုံတွေနဲ့ နေကြတယ်။ ဆောက်လုပ်စဉ်ကတည်းက ငလျင်ဒဏ်ခံနိုင်ရည်ရှိအောင်တွက်ချက်ပြီး ဆောက်ကြတယ်။ အဆောက်အအုံဆောက်လုပ်တဲ့ မြေသားနဲ့ ဆောက်လုပ်တဲ့နည်းစနစ်က အရေးကြီးတယ်။ ငလျင်ကြောင့် အဆောက်အအုံတွေ ပြိုတယ်ဆိုတာ အထပ်အနိမ့်၊ အမြင့်က အဓိကမဟုတ်ဘဲ အဆောက်အအုံတည်ဆောက်တဲ့ မြေဆီလွှာ(Soil Cover) အထူအပါးနဲ့သက်ဆိုင်ပြီး အဆောက်အအုံ၏ Frequency နဲ့ ငလျင်လှိုင်း Frequency တိုင်းတာပြီး ဆောက်လုပ်ကြတယ်လို့ ဆိုပါတယ်။

'ငလျင်ဒဏ်ခံနိုင်ဖို့ဆိုတာ အဆောက်အအုံရဲ့ Resonant Frequency နဲ့ ငလျင်လှိုင်းရဲ့ Fundamental Frequency ကို တိုင်းရတယ်။ အဲ့ဒီ Frequency နှစ်ခု ထပ်တူကျတဲ့ အဆောက်အအုံတွေမှာ Resonant Effect ကြောင့် ကြီးမားတဲ့ Vibration (တုန်ခါမှု)ဒဏ်ခံရကာပြိုပျက်နိုင်ခြေများပြီး အထပ်မြင့်ရင် ပိုအန္တရာယ်များမယ်လို့ အထင်မှားနေကြတယ်။ လက်တွေ့မှာ ငလျင်သဘောသဘာဝအရ အဲ့ဒီလိုမဟုတ်ပါဘူး။ အထပ်နိမ့်လည်း ပြိုနိုင်တယ်။ မြင့်ရင်လည်း ပြိုချင်မှပြိုမယ်။ အဆောက်အအုံရဲ့ ကြိမ်နှုန်းနဲ့ ငလျင်လှိုင်းရဲ့ ကြိမ်နှုန်း နှစ်ခုထပ်တူကျရင် အန္တရာယ်များတယ်။ အဲ့ဒီနှစ်ခု ထပ်သလား၊ မထပ်ဘူးလားက အရေးကြီးတာပါ။ ဂျပန်မှာ အဲ့ဒီအချက်ပေါ်မူတည်ပြီး ဆောက်ကြတယ်' လို့ ငလျင်ပညာရှင်တစ်ဦးက ပြောကြားထားပါတယ်။

ငလျင်လှုပ်ရင် ငလျင်လှိုင်းဖြတ်သွားတော့ အဆောက်အအုံတွေရဲ့ အောက်ခြေရောက်ချိန်မှာ ဖြစ်ပေါ်လာတဲ့ Fundamental Frequency နဲ့ အဆောက်အအုံကြိမ်နှုန်းတို့ ထပ်တူမကျဖို့ လိုပါတယ်။ အဆောက်အအုံကို တစ်စုံတစ်ရာ ပြုပြင်လိုက်ရင် ကြိမ်နှုန်း နှစ်ခု ထပ်တူမကျတော့လို့ ပြိုလဲနိုင်ခြေနည်းသွားမှာဖြစ်သလို အဆောက်အအုံဆောက်ရာမှာ မြေဆီလွှာ (Soil Cover) အထူ၊ အပါးပေါ်မူတည်ပြီး အထပ်မြင့်၊ အနိမ့်ရွေးချယ်တည်ဆောက်သင့်တယ်လို့ ၎င်းက အကြံပြုထားပါတယ်။

မြို့တစ်မြို့ရဲ့ Soil Cover အထူ၊ အပါးဇုန်ကိုသိပြီဆိုရင် အထပ်နိမ့်ဆောက်သင့်လား၊ အမြင့်ဆောက်သင့်သလားဆိုတာ ရွေးချယ်နိုင်ပါပြီ။ Soil Cover ပါးတဲ့နေရာမှာ အထပ်နိမ့်၊ ထူတဲ့နေရာမှာ အထပ်မြင့်တွေဆောက်ရင် အန္တရာယ်ရှိတယ်။ တစ်ချိန်မှာ Frequency တူသွားနိုင်လို့ ပြောင်းပြန်ဆောက်သင့်တယ်။ ဒါက ငလျင်လှုပ်ခဲ့ရင်အန္တရာယ်ဖြစ်နိုင်ခြေရှုထောင့်က ပြောတာပါ။ အဆောက်အအုံအထပ်နိမ့်ရင် Frequency မြင့်တယ်။ အထပ်မြင့်ရင် Frequency နိမ့်တယ်။ Soil ပါးလွှာတဲ့ဇုန်မှာ Frequency မြင့်ပြီး ထူရင် နိမ့်တာကြောင့် ငလျင်ဒဏ်ခံနိုင်ဖို့ Soil ပါးတဲ့နေရာမှာ အထပ်မြင့်၊ Soil ထူတဲ့နေရာမှာ အထပ်နိမ့်ဆောက်သင့်တယ်လို့ ဆိုပါတယ်။

### ငလျင်ခံစားရတဲ့ ပြင်းအား

မြန်မာနိုင်ငံရဲ့ အဓိကငလျင်ကြောတွေက စစ်ကိုင်းပြတ်ရွေ့ကြောဖြစ်ပြီး အပိုင်း(၁)မှာ ပူတာအို-အင်းတော်ကြီး၊ အပိုင်း(၂)မှာ တကောင်း-စစ်ကိုင်း၊ အပိုင်း(၃)မှာ သာစည်-ပျဉ်းမနား၊ အပိုင်း(၄)မှာ တောင်ငူ-ပဲခူး၊ အပိုင်း(၅)မှာ မုတ္တမကွေ့ အပိုင်းတို့ ဖြစ်ပါတယ်။ လှုပ်ခတ်တဲ့ ငလျင်တွေက စစ်ကိုင်းပြတ်ရွေ့နဲ့ ဆက်စပ်နေပါတယ်။

ငလျင်လှုပ်ပြီဆိုတာနဲ့ ပြင်းအားကို ခံစားလိုက်ရတဲ့ပေါ်မူတည်ပြီး ခန့်မှန်းကြတယ်။ ငလျင်ခံစားရမှုက ငလျင်လှုပ်ရှားတဲ့ ဗဟိုနဲ့ နီးတာရယ်၊ ဗဟိုပြုလှုပ်ရှားရာ မြေအောက်စောက်အနက်ပေါ်မူတည်ပါတယ်။ လှုပ်ခတ်တဲ့ အင်အားနည်းပေမယ့် ဗဟိုပြုရာနဲ့ နီးမယ်၊ ငလျင်ဗဟိုပြု စောက်အနက်တိမ်မယ်ဆိုရင် ပြင်းထန်တယ်လို့ ခံစားကြရတာပါ။ ၂၀၁၂ ခုနှစ် သပိတ်ကျင်းငလျင်နဲ့ ၂၀၁၆ ခုနှစ် ပုဂံငလျင်တွေက ပြင်းအား ၆ ကျော်နဲ့ လှုပ်ခတ်ခဲ့ပေမယ့် မန္တလေးဘက်မှာ ခံစားရမှုနည်းခဲ့တာက ဗဟိုပြုရာနဲ့ ဝေးတာကြောင့် ဖြစ်ပါတယ်။ ငလျင်ဖြစ်ပေါ်စေတဲ့ မြေလွှာပြတ်ရွေ့ကြောအရွယ်အစားနဲ့ ရွေ့လျားသွားမှုပေါ်မူတည်ပြီး ငလျင်လှုပ်ခတ်မှု ပြင်းအားဖြစ်ပေါ်စေသလို လှုပ်ရှားမှုရဲ့ဗဟိုချက် မြေအောက်စောက်အတိမ်အနက်ကလည်း သက်ဆိုင်တယ်လို့ ဆိုပါတယ်။

### တစ်ကျော့ပြန်ငလျင်

ငလျင်သုတေသနများအရ တစ်ကျော့ပြန်ငလျင်များအဖြစ် Public လုပ်ထားတာကတော့ ပဲခူးငလျင်ကြီးနဲ့ ရခိုင်ငလျင်ကြီးတွေက လှုပ်ရှားနိုင်တယ်လို့ ဆိုပါတယ်။ အကြမ်းဖျင်းပြောဆိုမှုများအရ နှစ်ပေါင်း ၁၀၀ ဝန်းကျင်က လှုပ်ခဲ့တဲ့ အင်အားပြင်းငလျင်တွေက တစ်ကျော့ပြန်လာနိုင်တယ်လို့ ဆိုကြပါတယ်။ ဒါ့အပြင် အိမ်နီးချင်းနိုင်ငံမှာလှုပ်တဲ့ ငလျင်ကြီးတွေကလည်း ကိုယ့်နိုင်ငံဘက်ကို သက်ရောက်မှုရှိနိုင်ပါတယ်။

'ကြိုတင်ခန့်မှန်းတွက်ချက်မရတဲ့ သဘာဝဘေးဖြစ်လို့ ငလျင်လှုပ်ရှားမှုမကြာခဏ ဖြစ်ပေါ်စေတဲ့ ပြတ်ရွေ့အနီးနေထိုင်တာတို့ မြန်မာနိုင်ငံအနောက်ဘက်(စစ်ကိုင်းပြတ်ရွေ့အနောက်ဘက်)မှာရှိတဲ့နေရာတွေက အိန္ဒိယမြေထုချပ်က မြန်မာမြေထုချပ်ကို တိုးဝင်မှုဖြစ်ပေါ်စေရာက ပြည်တွင်းမှာ ငလျင်ဖြစ်ပေါ်စေခဲ့တယ်ဆိုတဲ့ သမိုင်းအထောက်အထားတွေရှိတယ်' လို့ မိုး/ဇလ (နေပြည်တော်) ငလျင်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရင်မျိုးမင်းထွေးက ပြောကြားထားပါတယ်။

ငလျင်လှုပ်ရှားမှုဖြစ်ပေါ်စေတဲ့ ပြတ်ရွေ့ကြောတည်ရှိတဲ့နေရာရယ်၊ မြေထုချပ်တိုးဝင်မှုဖြစ်စဉ်ရှိတဲ့နေရာရယ်၊ ယခင်အတိတ်ကာလက ငလျင်လှုပ်ရှားမှုဖြစ်ပေါ်ခဲ့ဖူးတဲ့နေရာတွေမှာ ငလျင်ငယ်လေးတွေ လှုပ်လာတာက ရှေ့ပြေးငလျင်ဖြစ်မလား။ အင်အားအနည်းငယ်လေးတွေလှုပ်တာက မြေကြီးအတွင်းမှာ ငလျင်ဖြစ်ပေါ်စေတဲ့ စွမ်းအင်တွေ တဖြည်းဖြည်းချင်း စွမ်းအင်သိုလှောင်မှုလျော့နည်းသွားပြီး အင်အားပြင်း ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ဖို့ အခွင့်အလမ်းနည်းသွားတာလည်း ဖြစ်နိုင်ပါတယ်။ ငလျင်ရှေ့ပြေးဖြစ်မလားဆိုတာမျိုး တိတိပပပြောလို့မရကြောင်း ဆက်လက်ပြောဆိုထားပါတယ်။

မည်သို့ဆိုပါစေ။ ငလျင်လှုပ်ရှားမှုက အကြိမ်ရေများလာတာတွေ့ရပြီး ရှေ့ပြေးငလျင်ဖြစ်စေ၊ နောက်ဆက်တွဲငလျင်ဖြစ်စေ လူနဲ့လူ့ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိဖို့ လိုအပ်ပါတယ်။ အဓိကတော့ လူနေမှုအဆောက်အအုံတွေ ပျက်စီးမှုမရှိအောင် မြေဆီလွှာ(Soil Cover)အထူ၊ အပါးနဲ့ သက်ဆိုင်သလို အဆောက်အအုံ၏ Frequency နှင့် ငလျင်လှိုင်း Frequency တိုင်းတာပြီး ပညာရှင်များနဲ့ ဆောက်လုပ်ကြဖို့ လိုအပ်ပါတယ်။

ခိုင်ဆက်ဝေ

# အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်၊ ရွှေယဥ်မွန်ရပ်ကွက်၊ ဝါခင်းကုန်း၊ ဘုရားလမ်း၊ ၃၅လမ်း၊ ၅၆လမ်းနှင့်၅၇လမ်းကြားတွင် နေထိုင်သူ ဦးခင်မောင်ဦး(ဘ)ဦးတိုက်ကလေး **UBK** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဆေးဆရာကြီး ဦးဘကြင် ဆေးတိုက် UBK တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဖြန့်ဖြူးလျက်ရှိသော ဆေးများမှာ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၊ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ၏ ဥပဒေပုဒ်မ-၁၁ အရ မှတ်ပုံတင်ရရှိထားသော တိုင်းရင်းဆေးဝါးများဖြစ်ပါသည်။ အဆိုပါ **UBK** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သောဆေးများအနက်မှ **(၁) 'ဒေါင်းရာဇာ' ဆေးမြစ်စုံဆေးပေါင်းလိမ်းဆေးရည်ကို TMR-015576(0628) ဖြင့်လည်းကောင်း၊ (၂) 'ဒေါင်းရာဇာ' ချောင်းဆိုးချွဲကြပ်သလိပ်ကြေလျက်ဆားကို TMR-016454(1027) ဖြင့်လည်းကောင်း၊ (၃) 'ဒေါင်းရာဇာ' ကြက်သွန်ဖြူအစာကြေလေနိုင်လျက်ဆားကို TMR-016548(0228) ဖြင့်လည်းကောင်း၊ (၄) 'ဒေါင်းရာဇာ' အကြောပြေဝမ်းမှန်ဆေးကို TMR-016883(0828) ဖြင့်လည်းကောင်း၊** တရားဝင်မှတ်ပုံတင်ရရှိထားပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အဆိုပါ ဆေးများအနက်မှ **'ဒေါင်းရာဇာ' ချောင်းဆိုးချွဲကြပ်သလိပ်ကြေလျက်ဆားအား** ယနေ့အချိန်တွင် (၁)ဒါဇင်လျှင် မြန်မာငွေကျပ်(၂၄၀၀ဝိ/-)တိတိဖြင့် ဈေးကွက်အတွင်း တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် **TMR-016454(1027)** ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ယခုအခါ ဈေးကွက်အတွင်း၌ ဒေါင်းရာဇာ ချောင်းဆိုးချွဲကြပ်သလိပ်ကြေလျက်ဆားကို တရားဝင်မှတ်ပုံတင်လက်မှတ်(ခွင့်ပြုမိန့်မရှိသူများ)မှ ဈေးနှုန်းအမျိုးမျိုးဖြင့် တုပ၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြောင်း သိရှိရပါသည်။ ထို့ကြောင့် တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဖော်ပြထားခြင်းမရှိသော ဒေါင်းရာဇာ ချောင်းဆိုးချွဲကြပ်သလိပ်ကြေလျက်ဆားအား လက်လီလက်ကား ဖြန့်ဖြူးရောင်းချနေသော ကျေးဇူးရှင်ကိုယ်စားလှယ်များ အနေဖြင့် တိုင်းရင်းဆေးဝါးဥပဒေအရ မြန်မာနိုင်ငံတိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားထားသော ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်အမှတ်ရရှိထားသော တိုင်းရင်းဆေးဝါးကိုသာ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် အသိပေးကြေညာရခြင်း ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ရရှိထားခြင်းမရှိသည့် **ဒေါင်းရာဇာ ချောင်းဆိုးချွဲကြပ်သလိပ်ကြေလျက်ဆား**အား ဆက်လက်၍ သိုလှောင်ထုတ်လုပ်ဖြန့်ဖြူးမည်ဆိုပါက တိုင်းရင်းဆေးဝါးဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း၊ အရေးယူတရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဈေးနှုန်းအပြောင်းအလဲကိစ္စရပ်များရှိပါက တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့် မှတ်ပုံတင်ရရှိထားသော **UBK တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ** အများပြည်သူအား အသိပေးကြေညာမည်ဖြစ်ပါသည်။ **UBK** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်လျက်ရှိသော တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်သော ကိစ္စရပ်များအားလုံးကို ပိုင်ရှင်ဖြစ်သူ ဦးခင်မောင်ဦးထံသို့ အောက်ဖော်ပြပါ လိပ်စာနှင့်ဖုန်းနံပတ်တို့၌ အချိန်မရွေး ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **ဆက်သွယ်ရန်လိပ်စာ–** **ပင်းရင်း UBK တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

**'ဒေါင်းရာဇာ' ချောင်းဆိုးချွဲကြပ်သလိပ်ကြေလျက်ဆား**

**၃၅လမ်း၊ ၅၆လမ်းနှင့်၅၇လမ်းကြား၊ ကန်ကောက်၊ ရွှေယဥ်မွန်ရပ်ကွက်၊ ဝါးခင်းကုန်းဘုရားလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၀၁၈၀၃၊ ၀၉-၄၄၁၀၄၈၄၆၇၊ ၀၉-၂၀၄၃၅၀၉**

**လွှဲအပ်ညွှန်ကြားချက်အရ–**

**တော်ဝင် ဦးခင်မောင်သန်း(စဥ်-၁၇၈၄) B.A(Law)LL.B, H.G.P** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ဟန်ဆွေစင်(စဥ်-၁၃၂၇၀) LL.B, D.B.L, D.I.L** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်သန့်ရွှေစင်ကျော်(စဥ်-၁၆၁၆၁) LL.B** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်သွယ်သွယ်ထွန်း(စဥ်-၅၄၈၂၆) LL.B** (အထက်တန်းရှေ့နေ)

**ROYAL LAW FIRM**

**တိုက်ခန်းအမှတ်(၇)၊ ၆၈လမ်းနှင့်၁၀၁(သိပ္ပံ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၁၈၇၀၆၊ ၀၉-၂၀၅၁၉၅၄၊ ၀၉-၄၃၀၁၂၂၉၁၊ ၀၉-၄၅၈၅၁၂၄၅၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၄)၊ ဦးပိုင်အမှတ်(၉၃-င)၊ ဧရိယာ(၀ ဒသမ ၀၂)ဧက အကျယ်အဝန်းရှိ ဦးမြင့်သန်း၊ ဒေါ်ဝေဝေလွင်၊ ဒေါ်ခင်ခင်မျိုး၊ ဒေါ်အေးအေးမြင့်တို့ အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ဆုံးအခြမ်း၊ ဧရိယာ(၀ ဒသမ ၀၁၁)ဧက၊ (၁၇ပေ ၆လက်မ×၂၇ပေ)(မြေပြင်အရှိအတိုင်း) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်နှင့် နိုတြီအထွေထွေကိုယ်စားလှယ်လွှဲစာတို့ဖြင့် ဝယ်ယူ၍ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ခိုင်မာရွှေ(ဘ)ဦးကြီးဘို(၅/ဘတလ(နိုင်)၀၁၉၄၄၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၈ေ-၂၇/၃၈)၊ (၅၄-ဘီ)လမ်း၊ ၁၃၀လမ်း(အေးသုခလမ်း)နှင့်၁၃၁လမ်း(ရတနာလမ်း)ကြား၊ (ဆ)ရပ်ကွက်၊ ရတနာပုံမြို့သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၀၂၁၀၇၊ ၀၉-၇၆၄၁၀၂၁၀၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁၀)၊ ဦးပိုင်နံပါတ်(၂၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးအောင်စိုးဝင်း အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်၊ အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နွယ်နီအောင်(ဘ)ဦးညွန့်မောင်(၉/မနမ(နိုင်)၁၁၆၇၄၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ

**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အမည်မှန်

**(ဘ)ဦးချစ်လွင်ဦး**၏သမီး မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ EVER TOP ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ **မနိုင်နိုင်ပို**၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **နိုင်းနိုင်းပို**ဖြစ်ပါကြောင်း။

**နိုင်းနိုင်းပို**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အကွက်အမှတ်(၆၀၁)၊ ဦးပိုင်အမှတ်(၂၀၀+၂၀၁+၂၀၂+၂၀၃) အတွင်းမှ ဧရိယာ(၀ ဒသမ ၀၃၀၀)ဧက စစ်-မန်းကားလမ်းမောင်းတန်းလမ်းနှင့် ပိန်းတန်းလမ်းကြားရှိ မြေကွက်အား ဦးကျော်စိုးမိုး(၉/မနတ(နိုင်)၀၀၀၂၈၅)က အစဉ်တစိုက် နေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## မိဘအမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း Grade-12(A) မှ **မောင်စော်ပြည့်နိုင်**၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးနန်းလင်းဦး+ဒေါ်မိုးမိုးလွင်**ဖြစ်ပါကြောင်း။

**ဦးနန်းလင်းဦး (၉ /ပသက(နိုင်)၁၅၃၆၅၇)**
**ဒေါ်မိုးမိုးလွင် (၉ /ပသက(နိုင်)၀၈၂၆၄၁)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၃)၊ ဦးပိုင်နံပါတ်(၅၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အနောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးစိုးနိုင်(ဘ)ဦးအေးကို(၉/မနတ(နိုင်)၀၄၅၂၇၇)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ်(ရေ+မီး)အပါအဝင်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးကောင်းထက်ကျော်(ဘ)ဦးကျော်လင်း(၅/ရဘန(နိုင်)၂၀၁၁၁၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ-၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ (ယခင် အနိုပ်တော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၁၈-တပ်မြေအရှေ့)၊ ယခု ဒေါနဘွားရပ်ကွက်၊ အုတ်စက်၊ ဦးပိုင်အမှတ်(၉၂/၁)၊ ဧရိယာ(၂ ဒသမ ၄၇)ဧကရှိ ဦးပွကြီး အမည်ဖြင့် ချထားပေးသော ခြံမြေကွက်အတွင်းမှ အရှေ့-အနောက်(၁၆၀)ပေ၊ တောင်-မြောက်အရှေ့ဘက်ခြမ်း ပေ(၇၀)၊ အနောက်ဘက်ခြမ်း(မြေပြင်ပေအရှိ)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမွေရရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးသန်းထွန်း(ဘ)ဦးပွကြီး (၉/မနမ(နိုင်)၀၀၆၁၆၀)ပါ-၇ ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုပြစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြိုးဖြိုးအောင် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ခ/၄၁၆)၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၉၄၂၂၂၄**

❖ မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာကြံ့ခိုင်ကြဖို့လိုအပ်ပါတယ်။ အဲဒီလိုနေထိုင်နိုင်ဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာတွေကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်အောင် နေထိုင်ပြုမူရေး စတာတွေနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချ ကျန်းမာရေးသုတေသနတွေကို တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူတွေသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ပြီး အသိပညာပေးရမှာ ဖြစ်ပါတယ်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပြုလုပ်သော "(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ဖွင့်ပွဲအခမ်းအနားသို့ ဂုဏ်ပြုဗီဒီယိုမိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ယာယီနေရပ်စွန့်ခွာထိခိုက်လွယ်အုပ်စုများအတွက် အလုပ်အကိုင်ဖန်တီးနိုင်ရေးနည်းလမ်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၇

တရားမဝင် ပြည်ပထွက်ခွာအလုပ်သမားများ လျှော့ချနိုင်ရေး၊ အခြေခံအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် လုပ်ငန်းခွင်သက်သာချောင်ချိရေး၊ တိုင်းရင်းသားဒေသများမှ ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ထိခိုက်လွယ်အုပ်စုများအတွက် အလုပ်အကိုင်ဖန်တီးနိုင်ရေး နည်းလမ်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပသည်။

အစည်းအဝေးတွင် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ကော်မတီ၏လုပ်ငန်းစဉ်တစ်ရပ်အဖြစ် တရားမဝင်ပြည်ပသို့ထွက်ခွာပြီး အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများအား လျှော့ချနိုင်ရေးအတွက် နိုင်ငံတော်နှင့် အလုပ်ရှင်များဘက်မှ ဆောင်ရွက်ပေးရမည့်ကဏ္ဍများ၊ လုပ်ငန်းခွင်တွင် ကျွမ်းကျင်အလုပ်သမားများရှားပါးလာမှု၊ အခြေခံအလုပ်သမားများ၏လူမှုဖူလုံရေး၊ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့်ပတ်သက်ပြီး အစိုးရနှင့် လုပ်ငန်းရှင်များဘက်မှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ တိုင်းရင်းသားဒေသများမှ ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာလာသော ထိခိုက်လွယ်အုပ်စုများအတွက် သင့်လျော်သောအလုပ်အကိုင်များ ရရှိနိုင်ရေးအတွက် သင်တန်းများပေးခြင်းအပြင် အလုပ်အကိုင် ဖန်တီးနိုင်ရေးနည်းလမ်းများနှင့် ပတ်သက်၍ အစိုးရနှင့်သက်ဆိုင်ရာလုပ်ငန်းရှင်များဘက်မှ ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကို ယနေ့ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးသည်။

အဆိုပါအစည်းအဝေးသို့ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဇင်မိုးပြည့်နှင့် ယွန်းဝတီလှိုင်တို့၏ သွင်းဂိုးများဖြင့် YREO အမျိုးသမီးအသင်းကို ဂိုးပြတ်အနိုင်ယူခဲ့သည့် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းသည် MWL Week-7 အဖြစ် YREO အမျိုးသမီးအသင်းနှင့် ပဒုမ္မာကွင်းတွင် ယနေ့ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းက လေးဂိုး၊ တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ရန်ကုန်အသင်းသည် ပွဲစစချင်း ၃ မိနစ်မှာပင် ယွန်းဝတီလှိုင်၏သွင်းဂိုးဖြင့် YREO အသင်းကိုဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ပွဲချိန် ၁၂ မိနစ်နှင့် ၄၀ မိနစ်များတွင် ဇင်မိုးပြည့်က ရန်ကုန်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးနှင့် တတိယဦးဆောင်ဂိုးများကိုသွင်းယူပေးခဲ့သည်။

YREO အသင်းမှပွဲချိန် ၈၂ မိနစ်တွင် ချေပဂိုးရရှိခဲ့ပြီး အိသက်ဖြိုးက သွင်းပေးခဲ့သည်။ ထို့နောက် ရန်ကုန်အသင်းမှ မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို နှစ်မိနစ်တွင်ပွဲသိမ်းဂိုးရရှိခဲ့ကာ ဇင်မိုးပြည့်က အလွတ်တည်ကန်ဘောမှ တစ်ဆင့် တစ်ဖက်ဂိုးသမား၏ ညာဘက်ထောင့်ထဲသို့ အပြင်းကန်သွင်းယူပေးခဲ့သည်။

ယနေ့ပွဲစဉ်တွင် ရန်ကုန်အသင်းတိုက်စစ်မှူး ဇင်မိုးပြည့်ကဟက်ထရစ်ရရှိခဲ့ပြီး ပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကိုပါ အရယူနိုင်ခဲ့သည်။

ယနေ့နိုင်ပွဲကြောင့် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းသည် (၇)ပွဲကစား၊ (၅)ပွဲနိုင်၊ (၁)ပွဲသရေ၊ (၁)ပွဲရှုံး ရမှတ်(၁၆)မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁) နေရာတွင်ရပ်တည်လျက်ရှိပြီး လာမည့် စက်တင်ဘာ ၂၄ ရက်တွင် သစ္စာအားမာန်အမျိုးသမီးအသင်းနှင့် YUSC ကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ NGB)





## FIFA / MFF U-19 Futsal Youth League 2025 ပြိုင်ပွဲတွင် Winner Soccer FC အသင်း ဗိုလ်စွဲ

FIFA / MFF U-19 Futsal Youth League 2025 ပြိုင်ပွဲများ ပြီးဆုံးချိန်တွင် Winner Soccer FC အသင်းသည် ရမှတ် (၆၀) ဖြင့် ချန်ပီယံဆုကို ရယူနိုင်ခဲ့သည်။

FIFA / MFF U-19 Futsal Youth League 2025 ၏ Week 22 ပွဲစဉ်များ ပြီးဆုံးချိန်တွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲ၏ အသန့်ရှင်းဆုံးဆု ရရှိခဲ့သော Pacific Sun Far FC က အမှတ်တရဆုဖလားနှင့် ဆုကြေးငွေကျပ် သုံးသိန်း။ ပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားဆု ရရှိခဲ့သော YRG FC အသင်းမှ အောင်ထူးခန့်က အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ အကောင်းဆုံးကစားသမားဆု ရရှိခဲ့သော Winner Soccer FC မှ အောင်ခန့်ဇော်က အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းကို ဆွတ်ခူးခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲ၏ စတုတ္ထဆုရရှိခဲ့သော VUC ULAD FC အသင်းအား ဆုကြေးငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ပြိုင်ပွဲ၏ တတိယဆု ရရှိခဲ့သော YCDC MHDT အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ပြိုင်ပွဲတွင် ဒုတိယဆု ရရှိခဲ့သော YRG FC အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း ပြိုင်ပွဲ၏ ချန်ပီယံဆုရရှိခဲ့သော Winner Soccer FC အသင်းက တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း အသီးသီး ဆွတ်ခူးခဲ့ကြသည်။

(NGB)